မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၆ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၇၇)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ခေတ်မီတပ်မတော်တည်ဆောက်

နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ဖို့အတွက် တပ်မတော်ကို စွမ်းရည်ရှိတဲ့ တပ်မတော်အဖြစ် အမြဲတမ်း ရပ်တည်နေနိုင်အောင် တည်ဆောက်ရမှာ ဖြစ်တယ်။ နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကြီးထဲမှာ ခေတ်မီတပ်မတော် တည်ဆောက်ရေးလုပ်ငန်းဟာလည်း အရေးပါတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး စွမ်းအားတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ အဲဒီလူ့ဘောင်ကို ကာကွယ်ရမယ့် တပ်မတော်ဟာလည်း ခေတ်ကို ရင်ပေါင်တန်းနိုင်ရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇) နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ-

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဖွင့်လှစ်

လောလောဆယ် အကြီးဆုံးနှင့်ခေတ်အမီဆုံး ရေအားလျှပ်စစ်စက်ရုံကြီးဖြစ်ပြီး မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင် မြေအောက်ပိုင်း၌ ဥမင်လိုဏ်များစွာ တူးဖော်တည်ဆောက်ထားသည့် ရေအားလျှပ်စစ်စက်ရုံဖြစ်

အဆင့်မြင့်နည်းပညာ၊ အဆင့်မြင့်ခေတ်မီစက်ယန္တရားအသုံးပြုပြီး ခက်ခက်ခဲခဲတည်ဆောက်ထား နိုင်ငံတော်နှင့်ဒေသဖွံ့ဖြိုးရေး ထိရောက်စွာအကျိုးပြုမည့် တိုင်းကျိုးပြည်ဆောင်စီမံကိန်းကြီးဖြစ်

ရန်ကုန် မတ် ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ *ကျောဖုံးသို့*

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အထက်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

26-3 (01).p65 1 3/28/05, 3:38 PM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၂၆ ရက်)

လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ တည်ဆောက် ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု လုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး၍ ကိုယ်ပိုင် အတတ်ပညာများ အခြေခံကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း လေယာဉ်ကွင်းသစ်များ ဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းဟောင်းများကို အဆင့် တိုးမြှင့်ခြင်း၊ မော်တော်ကားလမ်းများနှင့် ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူး ချောင်းကူး တံတားများ တည်ဆောက်ခြင်း၊ သင်္ဘောဆိပ်ခံတံတားများ တည်ဆောက်ခြင်းစသည့် လမ်းပန်းဆက် သွယ်မှု အခြေခံအဆောက်အအုံများကို နိုင်ငံတော်၏ ဦးဆောင်မှု၊ မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင် တီထွင်ကြံဆကြိုးပမ်းမှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ယင်းကဲ့သို့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက် ပေးနိုင်ခဲ့သဖြင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ စိတ်ချမ်း မြေ့စွာ ခရီးသွားလာနိုင်သည့်အပြင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှု၊ လူမှုရေး ဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှု စသည့် အကျိုးရလဒ်ကောင်းများကိုလည်း ရရှိခံစားနေကြရပြီ ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက စိတ်ရင်းစေတနာမှန်ဖြင့် လုပ်ဆောင်ပေးနေခြင်းသည် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားပြည်သူ အားလုံး၏ လူနေမှုဘဝ ပြည့်စုံခိုင်မာလာစေရန်အတွက် ကြိုးပမ်းဖော်ဆောင်ပေးနေခြင်း ဖြစ်သည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်-ရိဒ်ရေကန်လမ်းပေါ်ရှိ မံဆောင်းဘေလီကြိုးတံတား ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၀ရက် နေ့က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး မံဆောင်းတံတား ကမ္ပည်း မော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

တပ်မတော်အစိုးရလက်ထက်တွင် ပေ၁၈၀အထက် စီမံကိန်းဝင် တံတားကြီးများမှာ ယခုဖွင့်လှစ်ခဲ့ သော မံဆောင်းတံတားအပါအဝင် တံတားစုစုပေါင်း ၁၉၅စင်း တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ချင်းပြည်နယ်တွင် မံဆောင်းတံတားသည် လေးစင်းမြောက် တံတားဖြစ်သည်။

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ပေးရာတွင် လမ်းပန်းဆက်သွယ်မှု အခြေခံ အဆောက်အအုံများကို အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ရာသီမရွေး သွားလာနိုင်သည့် လမ်းများအဖြစ် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ မင်းတပ်- မတူပီလမ်း စသည့်လမ်းမကြီးလေးသွယ်ကို ပြုပြင်ဖောက်လုပ်ပေးလျက် ရှိသည်။

အဆိုပါလမ်းမကြီး လေးသွယ်အပြင် အခြားလမ်းများကိုလည်း ပြုပြင်ဖောက်လုပ်ပေးလျက်ရှိရာ ချင်းပြည်နယ်သည် ယခင်နှင့်မတူ ကူးသန်းသွားလာမှု လွယ်ကူလျင်မြန်ချောမွေ့လာပြီ ဖြစ်သည်။ ယင်းလမ်းမကြီးများမှတစ်ဆင့် ချင်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့၏ ထွက်ကုန်သီးနှံအပါအဝင် ကုန်စည်များ အပြန်အလှန် လွယ်လင့်တကူ ရောင်းဝယ် ဖောက်ကားနိုင်၍ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ပေါ်ထွန်းနေပြီ ဖြစ်သည်။

ဤသို့သော အရှိန်အဟုန်ကောင်း၊ အချိန်အခါကောင်းများကို ထိရောက်စွာ အသုံးချ၍ မိမိ အကျိုး၊ ဒေသအကျိုး၊ ပြည်နယ်အကျိုး၊ နိုင်ငံတော်အကျိုးအတွက် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဟန်ချက်ညီညီဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က စိတ်ရင်းစေတနာမှန်ဖြင့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနေခြင်း ကို နားလည်သိမြင်ပြီး တိုင်းရင်းသားပြည်သူများကလည်း မိမိတို့ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်လာ အောင် နိုင်ငံတော်နှင့်အတူ လက်တွဲဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၆-၃-၂၀၀၅(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝေဒနာနုပဿနာ သတိပဋ္ဌာန်"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **"မမှောင်သောအလင်း"** (အပိုင်း-၈)
၅:၂၅ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၁၀။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဝှေ့မွှေးနေဆဲ"** (အပိုင်း-၁၈)ဇာတ်သိမ်း
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ **နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း "သူရဲကောင်းများထွန်းကားသည်" (အပိုင်း-၃) ဒါရိုက်တာ-ပန်းချီစိုးမိုး သရုပ်ဆောင်-အကယ်ဒမီဇင်ဝိုင်း အကယ်ဒမီကျော်သူ၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊အကယ်ဒမီမေသန်းနု၊ အကယ်ဒမီ မေသဥ္ဇာဦး၊အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ စိုးမိုးကြည်။**

ဗီယက်နမ်နိုင်ငံ၏ ဒုတိယအကြီးဆုံး မိုဘိုင်းလ်ဖုန်းကုမ္ပဏီ အစုရှယ်ယာတစ်ဝက်ကို ပြည်သူလူထုသို့ ရောင်းချရန်စီစဉ်

ဟန္နိုင်း မတ် ၂၃

ဗီယက်နမ်နိုင်ငံ၏ ဒုတိယအကြီးဆုံးကြေးနန်းကုမ္ပဏီဖြစ်သည့် ဗီယက်နမ် မိုဘိုင်းလ်ကြေးနန်းဆက်သွယ်ရေး ဝန်ဆောင်မှုကုမ္ပဏီ (ဗွီအမ်အက်စ်)၏ အစုရှယ်ယာတစ်ဝက်ကို ပြည်သူသို့ရောင်းချရန် စီစဉ်ထားကြောင်း ကုမ္ပဏီ အရာရှိများက ပြောကြားသည်။

နိုင်ငံပိုင် ဗီယက်နမ်စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးကော်ပိုရေးရှင်း (ဗွီအင်ပီတီ)၏ ကုမ္ပဏီခွဲဖြစ်သည့် အဆိုပါ ဗွီအမ်အက်စ်၏ ၄၉ရာခိုင်နှုန်း ခန့်ကို ပြည်သူသို့ ရောင်းချမည် ဖြစ် ကြောင်း ကုမ္ပဏီအရာရှိများက ပြော ကြားသည်။ ယင်းစီမံကိန်းကို ဝန်ကြီး ချုပ် ဖန်ဗန်ခိုင်က အတည်ပြုထားပြီး ဖြစ်ကြောင်း၊ မိမိတို့ အစုရှယ်ယာ များ၏ဈေးနှုန်းကို မဆုံးဖြတ်မီ မိမိတို့ ဥစ္စာပစ္စည်းကို တန်ဖိုးဖြတ်ရန် လိုသေး ကြောင်း ကုမ္ပဏီအရာရှိ ဖမ်ဗီယက် တန်က ပြောကြားသည်။

ရောင်းချမှုလုပ်ငန်းစဉ် အသေး စိတ်ကို မရနိုင်သေးကြောင်း၊ ဗွီအမ် အက်စ်သည် ယင်း၏စီးပွားရေးလုပ်ငန်း ပူးပေါင်းမှုသဘောတူချက်ကို ဆွီဒင် ကုမ္ပဏီ ကွမ်ဗစ်အင်တာနေရှင်နယ် ဗီယက်နမ်နှင့် လုပ်ကိုင်သွားမည်ဖြစ် ကြောင်း ဖမ်ဗီယက်တန်က ပြောကြား သည်။ **(အင်တာနက်)**

ပေကျင်း-ရှန်ကျင်း ရထားလမ်း ဇူလိုင်လ၌ စတင်ဖောက်လုပ်မည်

ပေကျင်း မတ် ၂၄

ပေကျင်းနှင့် ရှန်ကျင်းကို ဆက်သွယ်ပေးမည့် အရှည် ၁၁၅ ကီလိုမီတာ ရှိသော ခရီးသည်တင်အမြန်ရထားလမ်း ဖောက်လုပ်ရေးအစီအစဉ်ကို ဇူလိုင် လ၌ စတင်မည်ဖြစ်ကြောင်း ရထားလမ်းဝန်ကြီးဌာန သတင်းရပ်ကွက်များက ပြောကြားသည်။

အဆိုပါရထားလမ်းသည် မြို့ တစ်မြို့မှ တစ်မြို့သို့ ဆက်သွယ် ဖောက်လုပ်သော တရုတ်နိုင်ငံ၏ ပထမဆုံးပုံမှန် အမြန်ခရီးသည်တင် ရထားလမ်းဖြစ်သည်ဟု ရထားလမ်း ဝန်ကြီးဌာန သတင်းရပ်ကွက်များက ပြောကြားသည်။ ရထားလမ်းဖောက် လုပ်ရေး သဘောတူစာချုပ်ကို ရထား လမ်းဝန်ကြီးဌာနနှင့် ပေကျင်းနှင့် ရှန်ကျင်းမြူနီစီပယ် အုပ်ချုပ်ရေးအဖွဲ့ အစည်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

သဘောတူစာချုပ်အရ ရထား လမ်းဖောက်လုပ်ရေး လုပ်ငန်းသည် ၂၀၀၇ခုနှစ်၌ အပြီးသတ်ဖွယ်ရှိပြီး ၂၀၀၈ခုနှစ် ဇူလိုင်လ၌ ဝန်ဆောင်မှု ပေးမည်ဖြစ်သည်။

ပေကျင်းမှ ရှန်ကျင်းသို့ တစ်နာရီ ကီလိုမီတာ ၂၀၀နှုန်းဖြင့် မောင်းနှင လျှင် မိနစ်၃၀မျှသာ ကြာမည်ဖြစ် ရာ လက်ရှိ ကြာမြင့်ချိန်ထက် မိနစ်၃၀ လျော့နည်းမည်ဟု ဝန်ကြီးဌာန သတင်း ရပ်ကွက်တစ်ခုက ပြောကြားသည်။

ယင်းသို့ ခရီးဝေးအမြန်ရထား လမ်း ဖောက်လုပ်ခြင်းသည် ၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပွဲများ အတွက် အရေးပါသည့်ပြင် ဘိုဟိုင်း ပင်လယ်ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးရေး အတွက်လည်း အရေးပါကြောင်း ရထားလမ်း ဝန်ကြီး လီယူဇီကျန်က ပြောကြားသည်။

အဆိုပါ ရထားလမ်းသစ်ကို နည်းပညာ အစီအစဉ်သစ်များဖြင့် ဖောက်လုပ်မည်ဖြစ်ရာ တရုတ်နိုင်ငံ တွင် အဆင့်မြင့်အဝေးပြေး ခရီးသည် တင် ရထားလမ်းကြောင်း ဖြစ်ကြောင်း လီယူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံခြား သတင်းများ

စင်ကာပူကုမ္ပဏီ၁၆ခု ရှန်ကျင်း၌ လုပ်ငန်းများ လုပ်ဆောင်မည်

စင်ကာပူ မတ် ၂၄

ထောက်ပံ့ပို့ဆောင်ရေးမှ လူထု ဆက်သွယ်ရေးအထိရှိသော စင်ကာပူ ကုမ္ပဏီ၁၆ခုသည် ယခုအခါ တရုတ် နိုင်ငံ၌ လုပ်ငန်းများဆောင်ရွက်လျက် ရှိကြသည်။

အဆိုပါ ကုမ္ပဏီများသည် ရှန်ကျင်းတွင် စီးပွားရေးလုပ်ငန်းအခွင့် အလမ်းများရှာဖွေရန်အတွက် လုပ်ငန်း များဆောင်ရွက်သော စင်ကာပူမှ အကြီးမားဆုံး စီးပွားရေးလုပ်ငန်းအုပ်စု တစ်စု ဖြစ်သည်။

ပင်လယ်ရပ်ခြားတွင် စီးပွား ရေးလုပ်ငန်းအခွင့်အလမ်းများ ရှာကြံ လုပ်ကိုင်ကြရန် ပါလီမန်အမတ်တစ်ဦး က မကြာသေးမီက တိုက်တွန်းပြောဆို ခဲ့ပြီးနောက် အဆိုပါလုပ်ငန်း ကုမ္ပဏီ များသည် မတ် ၂၀ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများကို စူးစမ်းလေ့လာခဲ့ ကြသည်။ အောင်မြင်သော ပူးတွဲ ထုတ်လုပ်မှုအချို့ရှိသည့် တရုတ်မြို့ကြီး များတွင် လူထုဆက်သွယ်ရေး ကော်ပို ရေးရှင်းသည် ရှန်ကျင်းမြို့၌ လုပ်ငန်း ကြီးကြီးမားမား လုပ်ဆောင်ရန် စီစဉ် လျက်ရှိသည်။

လူထုဆက်သွယ်ရေး ကော်ပိုရေး ရှင်းသည် အဖွဲ့ဝင် ၄၀ပါ စင်ကာပူ ကိုယ်စားလှယ်အဖွဲ့၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်ကြောင်း၊ တီမာဆက်ခ် ဟိုးလ်ဒင်း၊ ဆင့်မ်ကော်ပိုရေးရှင်း၊ အက်စ်အမ်အာရ်တီနှင့် အက်စီတီ အီလက်ထရွန်းနစ်ကဲ့သို့ ကုမ္ပဏီများမှ အမှုထမ်းများပါကြောင်း တီမာဆက်ခ် ဟိုးလ်ဒင်း အကြံပေးပုဂ္ဂိုလ်က ပြော ကြားသည်။ **(အင်တာနက်)**

အာကာသ၌ လက်နက်များ ပိတ်ပင်ရန် တရုတ်နှင့် ရုရှားနိုင်ငံ တိုက်တွန်း

ဂျီနီဗာ မတ် ၂၃

နည်းပညာများ တိုးတက်မှုလျင်မြန်လာချိန်တွင် လက်နက်ပြိုင်ဆိုင်မှုများ တားဆီးကာကွယ်ရန်အတွက် အာကာသ၌ လက်နက်များအားလုံး ပိတ်ပင်ရေး နိုင်ငံတကာဆွေးနွေးပွဲများစတင်ရန် တရုတ်နှင့် ရုရှားနိုင်ငံတို့က အင်္ဂါနေ့တွင် ကြေညာလိုက်သည်။

အဆိုပါ တိုက်တွန်းကြေညာချက်ကို ၎င်းအင်အားကြီးနှစ်နိုင်ငံက အမေရိကန်ပြည်ထောင်စု၏ တုံ့ပြန်မှုကို စောင့်ဆိုင်းနေကြကြောင်း တရုတ်နှင့် ရုရှား ဝါရင့်သံတမန်များက ပြောကြားသည်။ ယင်းကိစ္စသည် အာကာသတွင် လက်နက်တပ်ဆင်မှုကို ရပ်တန့်ရန် တိုက်တွန်းချက်ဖြစ်ကြောင်း၊ ကုလသမဂ္ဂက ကြီးမှူးကျင်းပသည့် လက်နက်ဖြုတ်သိမ်းရေး ကွန်ဖရင့်(စီဒီ)၌ ပြောကြားသည်။

အာကာသတွင်း မည်သည့်လက်နက်မျှ တပ်ဆင်ခြင်းမပြုရန် တရားဝင် စာချုပ်တစ်ရပ်ကို စတင်အကောင်အထည်ဖော်ရန် ရုရှားနိုင်ငံမှ ၆၅နိုင်ငံစီဒီ ဒုတိယညှိနှိုင်းရေးမှူးချုပ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

❒ *ကျောဖုံးမှ*

ဒုတိယဝန်ကြီးများ၊ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖွင့်ပွဲအားပေးချီးမြှင့်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပျဉ်းမနားမြို့နယ် ကျည်တောင်-ခေါ်မကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသည့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လက်ထောက်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Tang Lilu ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ပျဉ်းမနားတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မန္တလေးတိုင်း ရမည်းသင်းခရိုင်နှင့် ပျဉ်းမနားမြို့နယ်မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပေါင်းလောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ နံနက်၉နာရီတွင် စတင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်သီတာဆွေကဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြ ကြေညာသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားသည် မန္တလေးတိုင်းအတွက်သာမက နိုင်ငံတော်၏ အကျိုးစီးပွားအတွက်ပါ အရေးပါသော ပေါင်းလောင်းရေလှောင်တမံနှင့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနား၊ တိုင်းပြည်အတွက် ကျက်သရေမင်္ဂလာရှိသော အခမ်းအနားဖြစ်ကြောင်း။

ဝီရိယစိုက်ထုတ်လုပ်ကိုင်

မန္တလေးတိုင်းသည် နိုင်ငံတော်အတွက် အဓိက အရေးပါသည့် တိုင်းနယ်မြေဖြစ်သကဲ့သို့ သွားလာဆက်သွယ်မှုအရ နိုင်ငံတော်တွင် အချက်အချာကျသည့် ဒေသဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်၊ တိုင်းများအနက် လူဦးရေ အများဆုံးနေထိုင်လျက်ရှိသည့် တိုင်းနယ်မြေလည်းဖြစ်ကြောင်း၊ ရာသီဥတုအနေအထားဖြင့် ပူပြင်းခြောက်သွေ့သော မိုးခေါင်ရေရှားဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းကို တောင်သူလယ်သမားအများစုသည် ပင်ပင်ပန်းပန်း ဝီရိယအား စိုက်ထုတ်လုပ်ကိုင်ရသည့် ဒေသဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်သည် မန္တလေးတိုင်းအတွင်းရှိ မြစ်များ၊ ချောင်းများ၏ ရေစီးရေလာအနေအထားကို လေ့လာသုံးသပ်ပြီး သဘာဝရေသယံဇာတများကို အဖြစ်နိုင်ဆုံး ထိန်းချုပ်အသုံးပြုနိုင်ရန်အတွက် ရေလှောင်တမံများနှင့် ရေလွှဲဆည်များကို တည်ဆောက်ပေးခဲ့သကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဖြစ်နိုင်သမျှ တစ်ပါတည်း တွဲဖက်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယနေ့ဆိုလျှင် မန္တလေးတိုင်းအတွင်း၌ ဆည်တမံလုပ်ငန်းပေါင်း ၄၂ခု၊ မြစ်ရေတင်စခန်းပေါင်း ၇၀ တို့ချဲ့တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မိုးခေါင်ရေရှားဒေသဖြစ်ခဲ့ခြင်းကြောင့်လည်း ရနိုင်သမျှ ရေအရင်းအမြစ်များကို မူးစု၊ ပဲစု စုစည်းပြီး အသုံးချနိုင်အောင် ကြိုးစားပေးနေခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနား၌ နှုတ်ဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

တိုက်တွန်းမှာကြား

"သဘာဝကို သဘာဝအတိုင်းထားပါက တိုးတက်မှုရှိလာမည်မဟုတ်ဘဲ သဘာဝကို လူ့လုပ်အားနဲ့ တည်ဆောက်ပြုပြင်သွားမှသာ တိုးတက်မှုရှိမှာဖြစ်တယ်။" "ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေနဲ့ သဘာဝပတ်ဝန်းကျင်တို့ဟာ တစ်ခုနဲ့တစ်ခု အမှီသဟဲပြု ဆက်စပ်လျက်ရှိတယ်။" "သဘာဝပတ်ဝန်းကျင်ကောင်းမရှိပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို စိတ်တိုင်းကျ ဆောင်ရွက်နိုင်မှာမဟုတ်တဲ့အတွက် သစ်တောသယံဇာတ၊ ရေသယံဇာတ၊ မြေသယံဇာတတွေကို ထိန်းသိမ်းစောင့်ရှောက်ကြရန် အရေးကြီးတယ်။" ဆိုသည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုကိုခံယူပြီး တစ်ဖက်က ဆည်တမံလုပ်ငန်း၊ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးလုပ်ငန်းဆိုသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်အပိုင်းက ဖန်တီးတည်ဆောက်နေသည့်အချိန်တွင် အညာဒေသ၌ ရှားပါးလာသည့် သစ်တော၊ သစ်ပင် သဘာဝသယံဇာတများကို ပြည်သူများအပိုင်းကလည်း ဝိုင်းဝန်းထိန်းသိမ်း ပြုစုကာကွယ် စောင့်ရှောက်သွားကြရန်အရေးကြီးကြောင်း အလျဉ်းသင့်တုန်း တိုက်တွန်းမှာကြားလိုကြောင်း။

ရေအားလျှပ်စစ် ဖွံ့ဖြိုးရေးစီမံကိန်းများအဖြစ် မန္တလေးတိုင်းအတွင်း၌ ပြန်ကြည့်မည်ဆိုလျှင် ယခု ပေါင်းလောင်းစီမံကိန်းမတိုင်မီ ၅၆မဂ္ဂါဝပ်ဓာတ်အားထုတ်လုပ်နိုင်သော ကင်းတားရေအားလျှပ်စစ်စက်ရုံနှင့် ၂၅မဂ္ဂါဝပ် ထုတ်လုပ်နိုင်အားရှိသော ဆည်တော်ကြီးရေအားလျှပ်စစ်စက်ရုံတို့ ရှိပြီးဖြစ်ကြောင်း၊ ပေါင်းလောင်း၊ ကင်းတားနှင့် ဆည်တော်ကြီးတို့သည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် မဟာဓာတ်အားလိုင်းစနစ်အတွင်းတွင် အကျုံးဝင်သော ရေအားလျှပ်စစ်စက်ရုံများ ဖြစ်ကြောင်း။

ခေတ်အမီဆုံးစက်ရုံ

ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှာ ကြီးမားသည့်စီမံကိန်းဖြစ်ပြီး မဂ္ဂါဝပ် ၇၀စီ ထုတ်လုပ်နိုင်သော စက်လေးလုံးတပ်ဆင်ထားသည့်အတွက် စုစုပေါင်းမဂ္ဂါဝပ် ၂၈၀ထုတ်လုပ်နိုင်အားရှိပြီး ကယားပြည်နယ်မှ ဘီလူးချောင်းကို အခြေခံသော ၁၉၆မဂ္ဂါဝပ် ထုတ်လုပ်နိုင်အားရှိသည့် လောပိတ ရေအားလျှပ်စစ်စက်ရုံထက် ကြီးမားသည့်စက်ရုံ၊ လောလောဆယ် တည်ဆောက်ပြီးစီးသမျှအနက် နိုင်ငံတော်၌ အကြီးဆုံး၊ ခေတ်အမီဆုံး ရေအားလျှပ်စစ်စက်ရုံကြီး ဖြစ်ကြောင်း။

တစ်နှစ်လျှင် ၃ဒသမ ၃သန်းဧကပေ ရေစီးဆင်းအားရှိသည့် ပေါင်းလောင်းမြစ်ရေကို ဥမင်လိုဏ်ခေါင်းဖြင့်လွှဲပြီး မြေအောက်ပိုင်း၌ ဥမင်လိုဏ်များစွာ တူးဖော်၍ တည်ဆောက်ထားသည့် ရေအားလျှပ်စစ်စက်ရုံအမျိုးအစားဖြစ်ကြောင်း၊ မြေအောက်၌ အဆင့်မြင့်နည်းပညာ၊ အဆင့်မြင့် ခေတ်မီစက်ယန္တရားများကို အသုံးပြုပြီး တိကျသည့် ဒီဇိုင်းပုံစံများနှင့်အညီ စက်ရုံကို ခက်ခက်ခဲခဲ တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

အရေးပါသည့်စီမံကိန်းဖြစ်

တစ်ဖက်မှလည်း ရေလှောင်တမံကြီးဖြစ်ပေါ်အောင် ပေါင်းလောင်းမြစ်ပေါ်၌ ကျောက်ဖြည့်တမံဖြင့် ဖြတ်ပြီး တည်ဆောက်ထားရခြင်းဖြစ်ကြောင်း၊ တမံအမြင့်သည်

စာမျက်နှာ ၄ ကော်လံ ၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပေါင်းလောင်းရေလှောင်တမံကို တာဝန်ယူတည်ဆောက်ခဲ့သည့် စီမံကိန်းဝန်ထမ်းများကိုယ်စား ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးဗစ်တာအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

စီမံကိန်းကြီးများသည် လာမည့်နှစ်ပိုင်းအတွင်း၌ ရှေ့စဉ်နောက်ဆက်ပြီးစီးသွားတော့မည်ဖြစ် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်များ နိုင်နိုင်နင်းနင်းဖြည့်ဆည်းပေးနိုင်တော့မည်

စာမျက်နှာ ၃ မှ

ပေ ၄၃၀အထိရှိကြောင်း၊ ထို့ကြောင့် ပေါင်းလောင်းဘက်စုံစီမံကိန်းသည် လုပ်ငန်းပမာဏကြီးမားရုံသာမက နည်းပညာအရ လက်ဝင်သော စီမံကိန်းမျိုးဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က လုပ်ငန်းတာဝန်များခွဲပြီး ညှိနှိုင်းပူးပေါင်းအကောင်အထည်ဖော်ခဲ့ရသည့်စီမံကိန်း၊ နိုင်ငံတော်အဆင့်က လိုအပ်သည်များကို အခါမလပ် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ရသည့် စီမံကိန်း၊ နိုင်ငံတော်၏ အရေးပါသည့် စီမံကိန်းကြီးဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက မြင့်မားလှသည့် ပင်မကျောက်ဖြည့်တမံအပြင် အဆင့်လေးဆင့်ပါ လေှကားထစ်ပုံစံ ရေပိုလွှဲတို့ကို ခက်ခဲစွာတည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက ရေလွှဲဥမင်လိုဏ်နှစ်ခု၊ ရေယူအဆောက်အအုံ၊ မြေအောက်ဥမင်လိုဏ်၊ အကြီး အသေး ၃၇ခု ပါဝင်သည့် ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားလိုင်းစနစ်တို့ကို တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း။

မာကျောလှသည့် ကျောက်သားအမျိုးအစားကို ခက်ခဲသိမ်မွေ့စွာ မိုင်းခွဲတူးဖော်ရသည့်လုပ်ငန်းသည် ဝန်ကြီးဌာနနှစ်ခုစလုံး ရင်ဆိုင်ရသည့်လုပ်ငန်းဖြစ်သကဲ့သို့ လုပ်ငန်းအမျိုးအစားများသည်လည်း ဌာနတစ်ခုနှင့်တစ်ခုအကြား ဟန်ချက်ညီညီ ချိန်ကိုက်ပြီးစီးအောင် ညှိနှိုင်းဆောင်ရွက်ကြရခြင်းမျိုးဖြစ်ကြောင်း။

ဂုဏ်ပြုပြောကြား

ထို့ကြောင့် ယနေ့အောင်မြင်စွာ တည်ဆောက်ပြီးစီးသည့် ပေါင်းလောင်းစီမံကိန်းကြီးသည် မြန်မာ့အင်ဂျင်နီယာအတတ်ပညာရှင်များအတွက် နည်းပညာအရ တစ်ဆင့်တက်လှမ်းသော အောင်ပွဲဖြစ်သည့်နည်းတူ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ ဌာနတစ်ခုတည်း၏ အောင်ပွဲမျိုးမဟုတ်ဘဲ သက်ဆိုင်ရာဌာနအားလုံး၏ စုစည်းပူးပေါင်းအားထုတ်လုပ်ကိုင်မှု၏ အောင်ပွဲလည်းဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုကြောင်း။

အမှန်မှု ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို ပြည်သူများအနေဖြင့် စောနိုင်သမျှအချိန်စောပြီး ခံစားစေလိုသည့်အတွက် တမံလုပ်ငန်းပိုင်းအားလုံး ပြည့်စုံအောင် မပြီးစီးမီမှာပင် တစ်နှစ်စောပြီး ရေသိုလှောင်ခဲ့ကြောင်း၊ ယင်းသိုလှောင်ထားသောတမံထဲရှိ လက်ရှိရေအားဖြင့်ပင် ရေအားလျှပ်စစ်တာဘိုင်အချို့ကို လည်ပတ်မောင်းနှင်ပြီး လျှပ်စစ်ဓာတ်အားတချို့တစ်ဝက်ကို ကြိုးစားထုတ်လုပ် ဖြန့်ဖြူးပေးနေခြင်းဖြစ်ကြောင်း၊ လာမည့်မိုးတွင်းကျမှသာ သတ်မှတ်ထားသည့်အတိုင်း ရေအပြည့်သိုလှောင်ပြီး ထုတ်လုပ်ရရှိမည့် လျှပ်စစ်ဓာတ်အားအပြည့်ကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဖြန့်ဖြူးပေးသွားမှာဖြစ်ကြောင်း။

မည်သို့ပင်ဖြစ်စေ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံသည် နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ခိုင်ခိုင်မာမာ ဖြည့်ဆည်းပေးမည့် စက်ရုံကြီးအဖြစ် ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရင်း တစ်ဖက်မှလည်း စိုက်ပျိုးရေဖြန့်ဖြူးပေးနိုင်အောင် ပေါင်းလောင်းရေလှောင်တမံ၏ အောက်ဘက်ပိုင်း၌ ရေလွှဲဆည်နှင့် ရေပေးတူးမြောင်းစနစ်တို့ကို ဆက်လက်အကောင်အထည်ဖော်သွားရန် စီမံလုပ်ကိုင်နေပြီ ဖြစ်ကြောင်း။

ပိုမိုအဆင်ပြေမည်

၎င်းရေပေးစနစ် တည်ဆောက်ပြီးသွားမည်ဆိုလျှင် ပျဉ်းမနားပတ်ဝန်းကျင်၌ ဆည်ရေသောက်ဧရိယာဧက ၃၅၀၀၀ခန့်ထပ်မံဖြစ်ပေါ်လာပြီး မူလရှိပြီးဖြစ်သည့် ရေဆင်းဆည်နှင့် ငလိုက်ဆည်တို့၏ ဆည်ရေသောက်ဧရိယာများနှင့် တစ်ဆက်တစ်စပ်တည်းပေါင်းစည်းမိပြီး ပျဉ်းမနားပတ်ဝန်းကျင်သည် ကျယ်ကျယ်ပြန့်ပြန့် စိမ်းစိုလာမှာဖြစ်ကြောင်း၊ စိုက်ရေး၊ ပျိုးရေး ပိုမိုအဆင်ပြေသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့ကြောင့် နီးကပ်သည့် အနာဂတ်အလားအလာနှင့် ယှဉ်ပြောရမည်ဆိုလျှင် ပေါင်းလောင်းစီမံကိန်းသည် နိုင်ငံတော်တစ်ရပ်လုံးကိုရော ဒေသဖွံ့ဖြိုးရေးကိုပါ ထိရောက်စွာ အကျိုးပြုဖော်ဆောင်သွားမည့် ဘက်စုံစီမံကိန်း၊ တိုင်းကျိုးပြည်ဆောင် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ မြင့်မားလာသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ အစွမ်းကုန် ကြိုးပမ်းလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အကောင်အထည်ဖော်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများရှိသကဲ့သို့ ဝန်ကြီးဌာနအလိုက် သီးခြားစီ တာဝန်ယူတည်ဆောက်နေသည့် စီမံကိန်းများလည်းရှိကြောင်း။

အကြီးဆုံးရေအားလျှပ်စစ်စက်ရုံ

မန္တလေးတိုင်းအတွင်း ကြည့်မည်ဆိုလျှင် ယခု ပေါင်းလောင်းစီမံကိန်း၏ အထက်ဘက်၌ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ထပ်မံတာဝန်ယူ အကောင်ထည်ဖော်နေပြီဖြစ်ကြောင်း၊ ၎င်းစီမံကိန်းက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၁၄၀ကို ထုတ်လုပ်ပေးနိုင်မှာဖြစ်သကဲ့သို့ လက်ရှိပေါင်းလောင်းရေလှောင်တမံကိုလည်း ရေကူရေဖြည့်ပေးနိုင်မှာဖြစ်ကြောင်း၊ ထို့အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကပင် တာဝန်ယူတည်ဆောက်နေသည့် စီမံကိန်းမှာ ဒုဋ္ဌဝတီမြစ်ပေါ်၌ တည်ဆောက်နေသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်ကြောင်း၊ တည်ဆောက်နေဆဲ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကြီး ပြီးစီးသွားမည်ဆိုလျှင် ယခုပေါင်းလောင်းစက်ရုံထက် ပိုမိုကြီးမားပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၇၉၀အထိ ထုတ်လုပ်နိုင်စွမ်းရှိသည့် နိုင်ငံတော်၏ အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံအဖြစ် ရပ်တည်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ အစီအမံဘောင်အတွင်းတွင် သက်ဆိုင်ရာဝန်ထမ်းများ၏ ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်မှုများကြောင့် ပေါင်းလောင်းစက်ရုံနှင့် ရဲရွာစက်ရုံတို့ထက်ကြီးမားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် အလှမ်းမဝေးတော့သည့် အနာဂတ်ကာလအတွင်းမှာပင် ထပ်မံပေါ်ထွက်လာတော့မှာ သေချာလျက်ရှိကြောင်း၊ သာဓကအားဖြင့် ယခုလက်ရှိ ညှိနှိုင်းစီမံနေသည့် ရေအားလျှပ်စစ်စီမံကိန်းများအနေဖြင့် သံလွင်မြစ်ရေကို အသုံးချပြီး တည်ဆောက်မည့် တာဆန်းရေအားလျှပ်စစ်စီမံကိန်းဆိုလျှင် မဂ္ဂါဝပ် ၇၁၀၀ကျော် ထုတ်လုပ်နိုင်အားရှိမှာဖြစ်သကဲ့သို့ ချင်းတွင်းမြစ်ပေါ်၌ တည်ဆောက်မည့် ထမံသီရေအားလျှပ်စစ်စီမံကိန်းသည် မဂ္ဂါဝပ် ၁၂၀၀ခန့် ထုတ်လုပ်နိုင်မှာဖြစ်ကြောင်း၊ ၎င်းသည်တို့မှာ အိပ်မက်ထဲ၌ စိတ်ကူးယဉ် အကောင်အထည်ဖော်နေသည့် စီမံကိန်းများမဟုတ်ဘဲ လက်တွေ့တိုင်းတာတွက်ချက် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်၏ ကြီးမားသော လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းများပင်ဖြစ်ကြောင်း။

ဖြည့်ဆည်းပေးနိုင်မည်

အလားတူပင် ပေါင်းလောင်းစီမံကိန်း အကျုံးဝင်ပါဝင်သည့် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်၌လည်း ၇၅မဂ္ဂါဝပ်အားရှိသည့် ရွှေကျင်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ အားရှိသည့် ခပေါင်းစီမံကိန်း၊ မဂ္ဂါဝပ်၄၀အားရှိသည့် ဖြူးချောင်းစီမံကိန်း၊ မဂ္ဂါဝပ် ၆၀ အားရှိသည့် ကွန်းချောင်းစီမံကိန်း၊ ၂၅ မဂ္ဂါဝပ်အားရှိသည့် ရဲနွယ်စီမံကိန်းတို့ကို တစ်ချိန်တည်း အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ၎င်းစီမံကိန်းများသည်လည်း လာမည့်နှစ်ပိုင်းအတွင်း၌ ရှေ့စဉ်နောက်ဆက် ပြီးစီးသွားတော့မှာဖြစ်သည့်အတွက် နိုင်ငံတော်၏ တိုးချဲ့တောင်းဆိုနေသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို နိုင်နိုင်နင်းနင်း ဖြည့်ဆည်းပေးနိုင်တော့မှာဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ပေးမည့် ပေါင်းလောင်းမြေအောက်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ပေါင်းလောင်း မြေအောက် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာ တိုင်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၄ မှ

စစ်တောင်းမြစ်ဝှမ်းအပြင် တည်ဆောက်နေဆဲဖြစ်သည့် ရှမ်းပြည်နယ်၌ တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည်လည်း မကြာမီ ဖွင့်လှစ်နိုင်မှာဖြစ်သကဲ့သို့ ရွှေလီစီမံကိန်းနှင့် ကျိုင်းတောင်းစီမံကိန်း၊ မကွေးတိုင်း၌ ဖူးရှာစီမံကိန်းနှင့် ကြီးအုံ-ကြီးဝစီမံကိန်းစသည့် စီမံကိန်းများသည်လည်း တည်ဆောက်မှု အရှိန်အဟုန်ရနေပြီဖြစ်ကြောင်း။

ထို့ကြောင့် တစ်ချိန်တစ်ခါက "လျှပ်စစ်ဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့" ဆိုသည့် ကြွေးကြော်သံသည် ယနေ့ မိမိတို့တာဝန်ယူသည့် ခေတ်ကာလမှသာ စတင်အသက်ဝင်လာပြီဟုပင် ဆိုရမှာဖြစ်ပါကြောင်း။

သို့ရာတွင် ရေအားလျှပ်စစ်စက်ရုံတစ်ရုံ တည်ဆောက်သည့်အခါ မူလရင်းနှီးမြှုပ်နှံရသည့် ငွေကြေးပမာဏများပြားသကဲ့သို့ တည်ဆောက်ပြီးစီးရေးအတွက်လည်း အချိန်ယူရခြင်းဖြစ်သည့်အတွက် မပြည့်မစုံဖြစ်နေမှုများအပေါ် မှန်မှန်ကန်ကန် သဘာဝကျကျ နားလည်လက်ခံပြီး နိုင်ငံတော်၏ ခနငွေကြေးတောင့်တင်းနေအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း။

တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးရန်အတွက် လျှပ်စစ်ဓာတ်အား အပါအဝင် စွမ်းအင်ကဏ္ဍက အရေးပါသလို စီးပွားရေးဖွံ့ဖြိုးခိုင်မာမှလည်း အသစ်အသစ်သော ရေအားလျှပ်စစ်စက်ရုံများကို တိုးချဲ့တည်ဆောက်နိုင်မှာ ဖြစ်ကြောင်း၊ အဓိကမှာ မိမိနိုင်ငံ၊ မိမိတိုင်းပြည်၏ အမျိုးသားစီးပွားရေးဘဝ အခြေခံခိုင်မာနေရန်ပင်ဖြစ်ကြောင်း၊ ပြည်ပအကူအညီ အထောက်အပံ့ကို မျှော်ကိုးနေခြင်းထက် မိမိတို့၏ ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်းအားများကိုပင် ဖြစ်နိုင်သမျှအစွမ်းကုန် အပြည့်အဝ ထုတ်ဖော်အသုံးချနိုင်ကြရမှာ ဖြစ်ကြောင်း၊ သို့မှလည်း နိုင်ငံတော်၏ အမျိုးသားဂုဏ်သိက္ခာ၊ အမျိုးသားစွမ်းအားစုများသည် ပိုမိုတောက်ပြောင်၊ ပိုမိုစည်းရုံးပြီး အင်အားရှိလာမှာလည်းဖြစ်ကြောင်း။

မျက်မှောက်ကာလသည် နိုင်ငံတော်ကို နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ အဘက်ဘက်မှ ဖွံ့ဖြိုးလာအောင် အားယူတည်ဆောက်နေသည့်ကာလဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်ကာလ၌ တစ်မျိုးသားလုံး ပေါင်းစည်းညီညွတ်သည့်အင်အားဖြင့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရေးသည် အဓိကအရေးကြီးဆုံး အမျိုးသားရေးတာဝန်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏ စီမံကိန်းကြီးဖြစ်သော ပေါင်းလောင်းစီမံကိန်းကြီးကို တာဝန်ယူတည်ဆောက်ပေးခဲ့ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဝန်ထမ်းများအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းစောင့်ရှောက်ကူညီခဲ့ကြသည့် ဒေသခံများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရေအားလျှပ်စစ်စက်ရုံများ စက်စွမ်းအားအပြည့် လည်ပတ်နိုင်ရေးအတွက် ရာသီဥတုမှန်ပြီး မြစ်များ၊ ချောင်းများ ရေစီးရေလာကောင်းနေရန် လိုအပ်ကြောင်း၊ ရာသီဥတုမှန်ကန်ပြီး ရေစီးရေလာကောင်းရေးအတွက်လည်း သစ်တော၊ သစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်နိုင်ရန်အရေးကြီးသည့်အတွက် ဒေသခံပြည်သူများအပိုင်းကလည်း မိမိတို့ဒေသမှာရှိသည့် သစ်တော၊ သစ်ပင်များကို မြတ်မြတ်နိုးနိုး ကာကွယ်စောင့်ရှောက်ကြခြင်းဖြင့် တန်ဖိုးကြီးမားသော ရေအားလျှပ်စစ်စက်ရုံများကို ထိန်းသိမ်းစောင့်ရှောက်ကြပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

အခြေခံလိုအပ်ချက်ဖြစ်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ သဘာဝ၏ စွမ်းအားစုတစ်ခုဖြစ်သည့် ရေသယံဇာတများကို တိုးမြှင့်ဖော်ထုတ်သုံးစွဲနိုင်ရေးသည် လယ်ယာကဏ္ဍ အောင်မြင်ဖြစ်ထွန်းရေးအတွက် ပဓာနကျသည့် အခြေခံလိုအပ်ချက်ကြီးတစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် အချိန်တိုကာလအတွင်း ဆည်မြောင်းတာတမံ စီမံကိန်းများ အကောင်အထည်ပေါ်လာရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးအနေဖြင့် မြန်မာပြည်အလယ်ပိုင်းက မန္တလေးတိုင်းအတွက် ဒေသဖွံ့ဖြိုးမှု အဆောက်အအုံတစ်ခုအဖြစ် တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

ပျဉ်းမနားမြို့နယ်၏ လယ်ယာကုန်ထုတ်လုပ်ငန်းတွင် စိုက်ပျိုးရေအခက်ကြုံမှုကို ဖယ်ရှားပေးပြီး ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားကိုပါ ဖန်တီးဖြည့်ဆည်းပေးနိုင်ရအောင် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးကို တည်ဆောက်ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ပြည်သူများအတွက် လူမှုစီးပွားရေးများ တိုးတက်ခံစားရအောင် ပြည်သူ့အကျိုးပြု လုပ်ငန်းတစ်ခုကို ဖန်တီးလုပ်ကိုင်ပေးလိုက်ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတိုင်း၌ စိုက်ပျိုးရေး၊ ရေအားလျှပ်စစ်၊ စက်မှုလက်မှုနှင့် မြို့ပြဖွံ့ဖြိုးရေးစသည့် ကဏ္ဍအသီးသီးအလိုက် ရေသုံးစွဲရယူမှု အခြေအနေများ အစဉ်မြင့်တက်လာနေခြင်းကြောင့် ယနေ့ကမ္ဘာ၌ ရေချို့အရင်းအမြစ် ရှားပါးလာသည့် ဖိစီးမှုကို အဘက်ဘက်က သတိချပ် အလေးမူလာရကြောင်း။

စနစ်တကျဆောင်ရွက်

ဤအနေအထားတွင် သဘာဝ၏ ဖန်တီးပေးမှု ရေအရင်းအမြစ် အခြေခံကောင်းများ ရှင်သန်တည်ရှိနေသေးသည့် မိမိတို့နိုင်ငံအဖို့ နိုင်ငံ၏ဖြစ်ထွန်းတည်ရှိနေမှုအပေါ် အဘက်ဘက်က ချင့်ချိန်သုံးသပ်ပြီး နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ရေရှည်အကျိုး မျှော်တွေးတွက်ဆ၍ စနစ်တကျဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ ပေါ်ထွန်းလာသည့် ပေါင်းလောင်းရေလှောင်တမံသည် မြန်မာနိုင်ငံ၏ ကျောက်ဖြည့်တမံများအနက် တမံအမြင့် ပေ ၄၃၀ ရှိ ကျောက်ဖြည့်တမံကြီးအဖြစ် ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း၊ ပေါင်းလောင်းရေလှောင်တမံသည် မိမိတို့အစိုးရလက်ထက်တွင် ၁၇၂ ခုမြောက် တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်သည့် တမံဖြစ်ကြောင်း။

ယခုပေါင်းလောင်းရေလှောင်တမံနှင့် ဆက်စပ်၍ ရေလွှဲဆည်နှင့် ရေပေးတူးမြောင်းများ တည်ဆောက်ပြီးသွားပါက မိုးစပါးကို မူရင်းသီးနှံအဖြစ် ဧက ၃၅၀၀၀ နှင့် အခြားသီးနှံများ အပါအဝင် စုစုပေါင်း ဧကခုနစ်သောင်းအထိ တိုးတက်စိုက်ပျိုးလာနိုင်မှာဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒေသနယ်မြေ အသီးသီးက မြန်မာ့လယ်ယာစီးပွား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်တွင် စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့ထူထောင်လာခြင်း၊ အဆင့်မြင့်မြို့ပြအိမ်ရာများ တည်ဆောက်လာခြင်း၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ထူထောင်လာခြင်း၊ ပြည်သူများ၏နေထိုင်သုံးစွဲမှု အဆင့်အတန်းမြင့်မားလာခြင်းတို့နှင့်အတူ လျှပ်စစ်သုံးပစ္စည်းမျိုးစုံ တိုးချဲ့သုံးစွဲလာခြင်းစသည့် တိုင်းပြည်၏ပြောင်းလဲလာနေသော လူမှုစီးပွားရေးဘဝ အခြေအနေများအရ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ်အရှိန်အဟုန်ဖြင့် တိုးတက်များပြားလာလျက်ရှိကြောင်း။

လမ်းညွှန်မှာကြား

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"မြန်မာနိုင်ငံ၏ရနိုင်သမျှသော လျှပ်စစ်စွမ်းအားအရင်းအမြစ် အမျိုးအစားအားလုံးကို ရှာဖွေပြီး လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဒီလိုတည်ဆောက်ရာမှာ မြန်မာနိုင်ငံရဲ့ပေါကြွယ်ဝပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ ရေသယံဇာတအရင်းအမြစ်တွေကို အခြေခံစွမ်းအင်အဖြစ် အသုံးပြုတည်ဆောက်ဖို့"** လမ်းညွှန်ခဲ့ကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပဲခူးမြို့အနီး ပဲခူးမြစ်ပေါ်၌ ဇောင်းတူရေအားလျှပ်စစ်စက်ရုံ၊ စစ်ကိုင်းတိုင်း၌ သဖန်းဆိပ်ရေလှောင်တမံကြီးနှင့်အတူ မူးမြစ်ပေါ်၌ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံတို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီကလည်း မကွေးတိုင်း၌ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံကို ထပ်မံတည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံကြီးနှင့်ပါဆိုလျှင် စုစုပေါင်းရေအားလျှပ်စစ်စက်ရုံ ၃၀ရှိသွားပြီဖြစ်ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

ဒေသအလိုက်ဖွံ့ဖြိုးရေးစီမံချက်များ ချမှတ် ဦးတည်ချက်ရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်

❒ ဒေသအလိုက် ဖွံ့ဖြိုးရေးစီမံချက်များ ချမှတ်၍ ဦးတည်ချက်ရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ယနေ့ နိုင်ငံတော်တစ်ဝန်း ကဏ္ဍအားလုံး၌ တိုးတက်အောင်မြင်မှုများကို မျက်မြင်တွေ့ရှိနေရပြီ၊ လယ်ယာကဏ္ဍ၌ဆိုလျှင် နိုင်ငံတော်၏ လက်ရှိလူဦးရေ စားသုံးရန်အတွက် ဆန်စပါး ဖူလုံပိုလျှံနေအောင် စိုက်ပျိုးထုတ်လုပ်နိုင်ပြီ ဖြစ်သကဲ့သို့ နောင်နှစ် ၃၀ ခန့်၌ တိုးပွားလာမည့်လူဦးရေ စားသုံးရန်အတွက် မျှော်မှန်းချက်များချမှတ်၍ ယခုကတည်းက ကြိုတင်စီမံဆောင်ရွက်လျက်ရှိ၊ ကဏ္ဍအားလုံး ဖွံ့ဖြိုးရေး ရေရှည်မျှော်မှန်းချက်များဖြင့် အနှစ် ၃၀ နှစ်ရှည်စီမံကိန်းတစ်ရပ်ကို ကာလတိုငါးနှစ်စီမံကိန်းများခွဲခြား၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ရာ ယနေ့ ပေါင်းလောင်းဘက်စုံစီမံကိန်းကြီးသည် ယင်းစီမံကိန်းများအရ ပေါ်ထွက်လာခြင်းပင်ဖြစ်။

လက်ရှိလူဦးရေစားသုံးရန်အပြင် နောင်နှစ် ၃၀ခန့်၌ တိုးပွားလာမည့် လူဦးရေစားသုံးရန် ယခုကတည်းက မျှော်မှန်းချက်များချမှတ်ပြီး ကြိုတင်စီမံဆောင်ရွက်လျက်ရှိ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပေါင်းလောင်းရေလှောင်တမံပေါ်မှ မြေအောက်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅မှ

ယနေ့ဖွင့်လှစ်သည့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးတည်ဆောက်သည့် မြေအောက်ရေအားလျှပ်စစ် စက်ရုံဖြစ်ကြောင်း၊ စက်ရုံ၏စနစ်အရ ဥမင်လိုဏ်အကြီး၊ အသေးမျိုးစုံ ၃၇ခု၊ အရှည်စုစုပေါင်း ၁၇၃၅၉ပေ၊ မိုင်အားဖြင့် ၃ သဒမ ၂၉မိုင်ခန့်ကို အဆင့်မြင့်နည်းပညာနှင့် အဆင့်မြင့်ခေတ်မီ စက်ယန္တရားများအသုံးပြုပြီး ဒီဇိုင်းသတ်မှတ်ချက်နှင့်အညီ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်း၏ မြားမြောင်ပြီး ထုထည်ပမာဏကြီးမားသည့် လုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အတူတကွ ပူးပေါင်းပြီး တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာန နှစ်ခုလုံးက တာဝန်ယူရသည့် ပေါင်းလောင်းစီမံကိန်း၏ လုပ်ငန်းပမာဏသည် များပြားသည့် နည်းတူ လုပ်ငန်းဆိုင်ရာတည်ဆောက်မှု အတွေ့အကြုံသစ်များလည်း ရရှိခဲ့သည်မှာ အမှန်ဖြစ်ကြောင်း။

ခေတ်မီရေအားလျှပ်စစ်စက်ရုံ

ယခုဖွင့်လှစ်သည့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ၌ မဂ္ဂါဝပ် ၇၀ ဓာတ်အားထုတ်လုပ်နိုင်သည့် စက်လေးလုံးတပ်ဆင်ထားပြီး စုစုပေါင်းမဂ္ဂါဝပ် ၂၈၀ထုတ်လုပ်နိုင်အားရှိသည့် စက်ရုံကြီးဖြစ်ကြောင်း၊ လောပိတရေအားလျှပ်စစ် စက်ရုံသည် တိုးချဲ့ထားသည့်ဘီလူးချောင်းစက်ရုံနှင့်ပေါင်းလျှင် စုစုပေါင်း ၁၉၈မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်အားရှိသည့်အတွက် ပေါင်းလောင်းစက်ရုံသည် လောပိတစက်ရုံထက် ကြီးမားသော ခေတ်မီရေအားလျှပ်စစ်စက်ရုံကြီး ဖြစ်ကြောင်း၊ စက်လေးလုံးကို တစ်လုံးပြီးတစ်လုံး တပ်ဆင်ပြီးနောက် ရေရရှိမှု အခြေအနေအရ တစ်လုံးပြီးတစ်လုံး စမ်းသပ်လည်ပတ်ရင်း ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီးဓာတ်အားများ ဖြန့်ဖြူးပေးခဲ့ကြောင်း၊ ရည်ရွယ်ချက်မှာ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အထိုက်အလျောက် အချိန်မြန်မြန်ဖြင့် ဖြည့်ဆည်းပေးလိုခြင်း ကြောင့်ပင်ဖြစ်ကြောင်း၊ ရေအခြေအနေရှိသလောက် တပ်ဆင်ပြီးသည့် စက်တစ်လုံး ဖြစ်ဖြစ်၊ နှစ်လုံးဖြစ်ဖြစ် လည်ပတ်နိုင်အားရှိသရွေ့ ပြည်သူကို ဓာတ်အားမြန်မြန် ဖြန့်ဖြူးပေးမည်ဆိုသည့် စေတနာအရင်းခံဖြင့် လျှပ်စစ်ဓာတ်အားကို ကြိုတင်တည် ဆောက်ထားသည့် ဓာတ်အားလိုင်းများမှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးပေးနေခြင်း ဖြစ်ကြောင်း။

အမှန်တွင် ပေါင်းလောင်းရေလှောင်တမံသည် ယခုနှစ်မိုးတွင်းမှသာ သတ်မှတ်ရေအပြည့် စတင်သိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ တည်ဆောက်မှုလုပ်ငန်း များအားလုံးသည်လည်း ယခုအချိန်မှသာ ပြည့်ပြည့်စုံစုံပြီးစီးခြင်းလည်းဖြစ် ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်နေခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် တည်ဆောက်နေခြင်း ဖြစ်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာမှာ အချိန်စောပြီးနိုင်သမျှပြီးစီးရန် လိုအပ်သကဲ့သို့ စီမံကိန်း၏အကျိုးသက်ရောက်မှု များကို ပြည်သူများအမြန်ဆုံးခံစားနိုင်ရေး ဆောင်ရွက်ရန်”** ဆိုသည့် လမ်းညွှန်မှု နှင့်အညီ လုပ်ငန်းများကိုအားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်နေခြင်း လည်းဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်၏ ရေအရင်းအမြစ် အခြေအနေပေးမှု များအပေါ်မူတည်ပြီး ရေအားလျှပ်စစ် စီမံကိန်းများကို တိုးချဲ့တည်ဆောက် လျက်ရှိကြောင်း၊ လက်ရှိတတိယငါးနှစ်စီမံကိန်းကာလအတွင်းတွင် တည်ဆောက် နေသည့် စီမံကိန်းများအနက် မန္တလေးတိုင်း ရဲရွာရေအားလျှပ်စစ် စီမံကိန်းကြီးမှာ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်အား ရှိကြောင်း၊ နောက်စီမံကိန်း တစ်ခုမှာ မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်နိုင်အားရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)က ရွှေလီရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီး စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်တွင်လည်း ကွန်းချောင်း၊ ဖြူးချောင်း၊ ခပေါင်းချောင်း၊ ရဲနွယ်နှင့် ရွှေကျင် စသည့် စီမံကိန်းများကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

စတင်အကောင်အထည်ဖော်နေ

ထို့ကြောင့် တိုင်းပြည်၏ အနာဂတ်နှင့်ယှဉ်ပြီး ပြောရမည်ဆိုလျှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် လောလောဆယ် အခြေအနေများနှင့် ကွာခြားပြီး များစွာတိုးတက်လာမည့် အလားအလာ ခိုင်ခိုင်လုံလုံ ရှိနေပြီ ဖြစ်ကြောင်း၊ သို့ရာတွင် ယခုကဲ့သို့ နွေရာသီကာလ၌ ရေအားလျှပ်စစ်စက်ရုံ များအနေဖြင့် စက်စွမ်းအားပြည့်ထုတ်လုပ်၍မရနိုင်ဘဲ မိုးရာသီကာလ၌သာ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်သည်ကိုလည်း နားလည် လက်ခံ ပေးစေလိုကြောင်း၊ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ၏ နှစ်စဉ်လျှပ်စစ် ဓာတ်အားထုတ်လုပ်မှုကို ပိုမိုစေရန်နှင့် ပေါင်းလောင်းဆည်အတွင်း ရေကူရေဖြည့် ပေးနိုင်ရန်တို့အတွက် ယခု ပေါင်းလောင်းစီမံကိန်း၏အထက် ၃၂မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ပင် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို စတင်အကောင်အထည် ဖော်နေပြီဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ဓွဲ၊ လုံ့လ၊ ဝီရိယ၊ အတတ်ပညာစွမ်းအားများကို အစွမ်းကုန် အသုံးပြုပြီး နိုင်ငံတော်နှင့် ပြည်သူများ အား အကျိုးပြုမည့် ရေအားလျှပ်စစ်စီမံကိန်းများကို ကြိုးစားပမ်းစား တည်ဆောက် သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကား ပြောကြားရာ၌ မန္တလေးတိုင်းသည် နိုင်ငံတော်၏ လူဦးရေအများဆုံး နေထိုင် လျက်ရှိသည့် တိုင်းနယ်မြေ ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အဓိကသီးနှံ ၁၀ မျိုး လုံးကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တိုင်းကြီးဖြစ်ကြောင်း။

စိုက်ဧကတိုးတက်လာ

နိုင်ငံတော်အစိုးရအပိုင်းက ပူပြင်းခြောက်သွေ့သည့် အညာဒေသ စိမ်းလန်း စိုပြည်ရေး၊ ဒေသတွင်း ဆန်ဖူလုံမှုရှိပြီး မကြောင့်မကြ ရပ်တည်နိုင်ရေးတို့အတွက် မျှော်မှန်းကာ ဖြူစင်သည့်စေတနာဖြင့် တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ဆည်တမံ လုပ်ငန်းပေါင်း ၄၂ ခုနှင့် မြစ်ရေတင်လုပ်ငန်းပေါင်း ၇၀တို့ကို အခြေပြုပြီး မန္တလေးတိုင်း၏ စပါးစိုက်ဧကများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာလျက်ရှိကြောင်း။

များမကြာမီ နှစ်ပိုင်းအတွင်း၌ မန္တလေးတိုင်းသည် ဆန်လိုဒေသ အဖြစ်မှ ဆန်ဖူလုံ လောက်သည့် ဒေသအဖြစ် တက်လှမ်းနိုင်တော့မှာဖြစ် ကြောင်း။

ဤကဲ့သို့ တက်လှမ်းနိုင်အောင် လိုအပ်သည့်အခြေအနေကောင်းများကို ဖန်တီးအထောက်အကူပြုလျက်ရှိသည့် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော် အစိုးရ၏ စေတနာကို မန္တလေးတိုင်း ပြည်သူများက မှန်ကန်သည့်အလုပ်ဖြင့် တုံ့ပြန်ကျေးဇူးဆပ်သွားမှာဖြစ်ကြောင်း။

ဝမ်းသာဂုဏ်ယူ

ယနေ့တွင်လည်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်စွမ်းရှိ သည့် နိုင်ငံတော်၏ အကြီးဆုံး၊ ခေတ်အမီဆုံး ပေါင်းလောင်း ရေအားလျှပ်စစ် စက်ရုံကြီးကို မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်၌ တည်ဆောက်ပြီးစီးခြင်းအတွက် မန္တလေးတိုင်းအနေဖြင့် ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ရပါကြောင်း။

ယနေ့တည်ဆောက်ပြီးစီးသည့် ပေါင်းလောင်းရေလှောင်တမံကြီးကို အခြေခံပြီး စိုက်ပျိုးရေပေးဝေနိုင်မည့် ရေလွှဲဆည်နှင့် ရေပေးတူးမြောင်းစနစ်ကို ပြည့်ပြည့်စုံစုံ ဆက်လက်တည်ဆောက်လျက်ရှိရာ ပြီးစီးသွားမည်ဆိုလျှင် ပျဉ်းမနားမြို့နယ်အတွင်း၌ ဆည်ရေသောက် ဧရိယာဧကများ တိုးချဲ့ဖြစ်ပေါ် လာတော့မှာဖြစ်ကြောင်း။

ထို့ကြောင့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် နိုင်ငံတော် အတွက် အရေးတကြီးလိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင် သကဲ့သို့ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးတို့ကို အထောက် အကူပြုသွားမှာဖြစ်သည့် တိုင်းကျိုးပြည်ပြု စီမံကိန်းကြီးဖြစ်ကြောင်း။

စီမံကိန်းကာလတစ်လျှောက်လုံး၌ ဌာနတစ်ခုနှင့်တစ်ခု အပြန်အလှန် နားလည်မှု၊ သည်းခံစိတ်ရှည်မှုများဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက် ခဲ့ကြရကြောင်း၊ နယ်မြေခံအုပ်ချုပ်ရေးအဖွဲ့များနှင့် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့ များကလည်း ဘက်စုံစီမံကိန်းကြီး အောင်မြင်စွာပြီးစီးရေးအတွက် လိုအပ် သည်များကို အဘက်ဘက်မှ အထောက်အကူပြု ပံ့ပိုးဆောင်ရွက်ခဲ့ကြရကြောင်း။

တိုင်းကျိုးပြည်ပြုစီမံကိန်း

ထို့ကြောင့် ဤအဆင့်မြင့် ပေါင်းလောင်းစီမံကိန်းကြီးသည် ဌာနအားလုံး၊ တာဝန်ရှိသူအားလုံး၏ နားလည်မှုရှိရှိ ပေါင်းစည်းလုပ်ကိုင်မှုကြောင့် ထွက်ပေါ် လာသည့် တိုင်းကျိုးပြည်ပြု စီမံကိန်းကြီးဖြစ်သည်ဟု ဆိုရမှာဖြစ်ကြောင်း။

ဤပေါင်းလောင်းစီမံကိန်းမှ အတွေ့အကြုံများသည် နောက်ထပ် အင်တိုက် အားတိုက် တည်ဆောက်နေဆဲဖြစ်သည့် မန္တလေးတိုင်းအတွင်းမှ ရဲရွာ ရေအား လျှပ်စစ်စီမံကိန်းကြီးအတွက်လည်း ထိထိရောက်ရောက် အထောက်အကူ ပြုသွားမှာ ဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယခုကဲ့သို့ တန်ဖိုးမဖြတ်နိုင်သည့် ဒေသအကျိုးပြု၊ နိုင်ငံတော်အကျိုးပြု စီမံကိန်းကြီးများကို နိုင်ငံသားကောင်းပီသစွာ မန္တလေးတိုင်း ပြည်သူများက ထိန်းသိမ်းစောင့်ရှောက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်ရှိ

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံတစ်ဦးဖြစ်သည့် ပျဉ်းမနားမြို့နယ် ကျည်တောင်ကျေးရွာမှ ဦးခင်မောင်ဌေးက ဒေသဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုမည့် ပေါင်းလောင်းရေလှောင်တမံဘက်စုံ စီမံကိန်းကြီး ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ်၌ တည်ဆောက်ပြီးစီးခြင်း အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အားကြိုးမာန်တက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူများအား နှုတ်ဆက်စကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်နှင့်ပြည်သူအတွက် အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်အောင် အားကြိုးမာန် တက် တည်ဆောက်လျက်ရှိကြောင်း။

ယင်းသို့ တည်ဆောက်ရာ၌ အမျိုးသားရေးမူဝါဒ၊ အမျိုးသားရေးခံယူချက် ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက် (၁၂)ရပ်နှင့်အညီ အစီအစဉ်တကျ တည်ဆောက်လျက်ရှိ ကြောင်း။

ထို့ပြင် နိုင်ငံတော်ကြီးတစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြံ့နိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းပြီး နိုင်ငံတော်ကြီး ၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာဖွံ့ဖြိုးလာရေးတို့အတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု တိုးချဲ့သတ်မှတ်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထူထောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ချိန်တစ်ခါက ခေတ်နောက်ကျ ကျန်ရစ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကိုလည်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေး အထူးစီမံကိန်းချမှတ်ကာ အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆မှ

ယင်းဖွံ့ဖြိုးရေးဒေသ ၂၄ ခုဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး အထူးစီမံကိန်းတို့နှင့် ချိတ်ဆက်လျက် နိုင်ငံတော် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် နေထိုင်လျက်ရှိသော ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကိုလည်း လက်တွေ့ကျကျ ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ကဏ္ဍအားလုံးတိုးတက်အောင်မြင်

ယင်းသို့ ဒေသအလိုက်ဖွံ့ဖြိုးရေးစီမံချက်များ ချမှတ်၍ ဦးတည်ချက်ရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ယနေ့ နိုင်ငံတော်တစ်ဝန်း ကဏ္ဍအားလုံး၌ တိုးတက်အောင်မြင်မှုများကို မျက်မြင်တွေ့ရှိနေရပြီဖြစ်ကြောင်း။

လယ်ယာကဏ္ဍ၌ဆိုလျှင် နိုင်ငံတော်၏ လက်ရှိလူဦးရေ စားသုံးရန်အတွက် ဆန်စပါး ဖူလုံပိုလျှံနေအောင် စိုက်ပျိုးထုတ်လုပ်နိုင်ပြီ ဖြစ်သကဲ့သို့ နောင်နှစ် ၃၀ ခန့်၌ တိုးပွားလာမည့်လူဦးရေစားသုံးရန်အတွက်လည်း မျှော်မှန်းချက်များချမှတ်၍ ယခုကတည်းက ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်း။

ကဏ္ဍအားလုံး ဖွံ့ဖြိုးရေးအတွက် ရေရှည်မျှော်မှန်းချက်များဖြင့် အနှစ် ၃၀ နှစ်ရှည် စီမံကိန်းတစ်ရပ်ကို ကာလတိုငါးနှစ်စီမံကိန်းများခွဲခြား၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ရာ ယနေ့ ပေါင်းလောင်းဘက်စုံစီမံကိန်းကြီးသည်လည်း ယင်းစီမံကိန်းများအရ ပေါ်ထွက်လာခြင်းပင်ဖြစ်ကြောင်း။

စီမံကိန်းကာလအလိုက် ရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းအကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်း

ယခုကဲ့သို့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဖိဖိစီးစီးကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမှာလည်း နိုင်ငံတော်တစ်ရပ်လုံး တည်ငြိမ်အေးချမ်းမှုရှိနေ၍ ဖြစ်ကြောင်း။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီပူးပေါင်းလက်တွဲ၍ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ အပါအဝင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအားလုံးကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် အရေးကြီးကြောင်း။

ဤပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံကြီး စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး၊ ရေလှောင်တမံကြီး ရေရှည်တည်တံ့ရေးတို့အတွက်လည်း ပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပေါင်းလောင်းရေလှောင်တမံကို တာဝန်ယူတည်ဆောက်ခဲ့သည့် စီမံကိန်းဝန်ထမ်းများကိုယ်စား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးဗစ်တာအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လက်ထောက်ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအားလည်းကောင်း ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲကျင်းပမည့် ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ရှေ့၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က ပေါင်းလောင်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံတစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ ရေပိုလွှဲကို ကြည့်ရှုစစ်ဆေးကြပြီး ရေပိုလွှဲအနီးမှ မြေအောက်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုကြသည်။ ရေထိန်းမျှော်စင်နှင့် တမံအတွင်း ရေသိုလှောင်ထားနိုင်မှုကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး YMEC Co. မှ ကျွမ်းကျင်သူပညာရှင်များ၊ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ပေါင်းလောင်းမြေအောက် ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို စက်ရုံအဝင်၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ခလုတ်နှိပ်၍ ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ၊ ယူနန်ပြည်နယ် လက်ထောက်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ယူနန်ပြည်နယ် လက်ထောက်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Tang Lilu တို့သည် ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ၊ ယူနန်ပြည်နယ် လက်ထောက်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များသည် မြေအောက်ဓာတ်အားပေးစက်ရုံရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မြေအောက်ဓာတ်အားပေးစက်ရုံခန်းမ၌ ပေါင်းလောင်း မြေအောက်ဓာတ်အားပေး စက်ရုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ယူနန်ပြည်နယ် လက်ထောက်ပြည်နယ်အုပ်ချုပ်ရေးမှူးက မြန်မာ–တရုတ် နှစ်ဘာသာဖြင့် ရေးသားထားသည့် **"ပေါင်းလောင်း ရေအမြဲစီးဆင်းစေ၊ ပေါက်ဖော်မေတ္တာ ထာဝရခိုင်မြဲစေ"** စာတန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယူနန်ပြည်နယ် လက်ထောက်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr.Tang Lilu အား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ယူနန်ပြည်နယ် လက်ထောက်ပြည်နယ် အုပ်ချုပ်ရေးမှူးက အမှတ်တရလက်ဆောင်ကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြေအောက်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြပြီး တာဘိုင်စက်လေးလုံးနှင့် ရေအားလျှပ်စစ်ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ရုံ၏ ထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆည်အတွင်း ရေဝင်ကောင်းနေအောင် စီမံကိန်းပတ်ဝန်းကျင်နှင့်ရေဝေရေလဲဒေသများ၌ သစ်တော၊ သစ်ပင်များကို ထိန်းသိမ်းကာကွယ်သွားရန်နှင့်လျှပ်စစ်ဓာတ်အားပေးစက်များ အပြည့်အဝလည်ပတ်နိုင်အောင် လိုအပ်သည်များကို ဆက်လက်ညှိနှိုင်း စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့၏အရှေ့ဘက် ၁၀မိုင်ခန့်အကွာ ကျည်တောင်–ခေါ်မရွာအနီး ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်ထားခြင်း ဖြစ်သည်။

ပေါင်းလောင်းမြစ်ပေါ်၌ တမံအလျား ပေ ၃၁၀၀၊ တမံအမြင့်ပေ ၄၃၀ ရှိကျောက်ဖြည့်တမံ တည်ဆောက်ခြင်းဖြင့် မြေအောက်ဓာတ်အားပေးစက်ရုံမှ တစ်ဆင့် တစ်လုံးလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ စီ ထုတ်လုပ်နိုင်သည့် စက်လေးလုံးတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ရန်နှင့် ပေါင်းလောင်းမြစ်ရေကြီးမှုကို အထိုက်အလျောက် ကာကွယ်ရန်အပြင် လယ်မြေဧရိယာဧက ၃၅၀၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်ရန် ရည်ရွယ်၍ ဤစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ပေါင်းလောင်းရေလှောင်တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၅၆၀၀၀၀ ဖြစ်ပြီး ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၄၁၉၉ ဧက ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၃

လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ နိုင်နိုင်နင်းနင်းဖြည့်ဆည်းပေးနိုင်တော့မည်

- ပေါင်းလောင်းစီမံကိန်း အကျုံးဝင်ပါဝင်သည့် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်၌ ၇၅ မဂ္ဂါဝပ်အားရှိသည့် ရွှေကျင်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀အားရှိသည့် ခပေါင်းစီမံကိန်း၊ မဂ္ဂါဝပ် ၄၀အားရှိသည့် ဖြူးချောင်း စီမံကိန်း၊ မဂ္ဂါဝပ် ၆၀အားရှိသည့် ကွန်းချောင်းစီမံကိန်း၊ ၂၅မဂ္ဂါဝပ်အားရှိသည့် ရဲနွယ်စီမံကိန်းတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် တည်ဆောက်နေ၊ ဤစီမံကိန်းများ လာမည့်နှစ်ပိုင်းအတွင်း၌ ရှေ့စဉ်နောက်ဆက် ပြီးစီးသွားတော့မှာဖြစ်သည့်အတွက် နိုင်ငံတော်၏ တိုးချဲ့တောင်းဆိုနေသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို နိုင်နိုင်နင်းနင်း ဖြည့်ဆည်းပေးနိုင်တော့မည်၊ စစ်တောင်းမြစ်ဝှမ်းအပြင် တည်ဆောက်နေဆဲဖြစ်သည့် ရှမ်းပြည်နယ်၌ တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မကြာမီဖွင့်လှစ်နိုင်မှာဖြစ်သကဲ့သို့ ရွှေလီစီမံကိန်းနှင့် ကျိုင်းတောင်း စီမံကိန်း၊ မကွေးတိုင်း၌ ဗူးရွာ စီမံကိန်းနှင့် ကြီးအုံ-ကြီးဝ စီမံကိန်းစသည့် စီမံကိန်းများသည် တည်ဆောက်မှု အရှိန်အဟုန် ရနေပြီဖြစ်၊ တစ်ချိန်တစ်ခါက "လျှပ်စစ်ဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့"ဆိုသည့် ကြွေးကြော်သံသည် ယနေ့မိမိတို့ တာဝန်ယူသည့် ခေတ်ကာလမှသာ စတင်အသက်ဝင်လာနေပြီ။

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

ပြည့်နှစ် ကာလများတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စစ်ရေး အကျပ်အတည်းများကို ရှိသမျှအင်အားဖြင့် အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးကို ထိန်းသိမ်း ကာကွယ်နိုင်ခဲ့သည်။

ဤသို့အားဖြင့် တပ်မတော်သည် အမျိုးသား နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းစဉ်တရားအရ ကျစ်လျစ်သိပ်သည်းသော အမျိုးသားနိုင်ငံရေး အဖွဲ့ အစည်းကြီးအဖြစ် ဖြစ်တည်ရှင်သန်လာသကဲ့သို့ "နိုင်ငံရေးအမြင်၊ စစ်ရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်"ဟူသော အမြင်လေးရပ်ဖြင့် ဖြတ်သန်းလာသော အတွေ့အကြုံများအရ ရင့်ကျက်တည်ငြိမ်သည်နှင့်အမျှ စွမ်းရည်သုံးရပ်ပြည့်ဝသော တပ်မတော်အဖြစ် ရပ်တည်လာခဲ့သည်။

ယင်းသို့ သမိုင်းအစဉ်အလာအရ လည်းကောင်း၊ ဖြတ်သန်းလာခဲ့ရသော အတွေ့အကြုံများ

နိုင်ငံတကာ၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အခြေအနေများ လျင်မြန်စွာ ပြောင်းလဲနေသည်နှင့်အမျှ နိုင်ငံအသီးသီးသည် မိမိနိုင်ငံ စစ်ရေးနှင့် စီးပွားရေးအင်အား ပိုမိုကြီးထွားအောင် ဖော်ဆောင်နေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ မျက်မှောက် နိုင်ငံတကာ အခြေအနေကို ကြည့်လျှင် အင်အားကြီး နိုင်ငံအချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအား ယင်းတို့၏ ဩဇာခံအခြွေ အရံနိုင်ငံဖြစ်လာစေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဖိအား ပေးခြင်း၊ ကျူးကျော်စွက်ဖက် ရန်စခြင်းများ ပြုလုပ်နေကြောင်းတွေ့ရှိနိုင်ပေသည်။

ယင်းတို့၏ဩဇာကို မနာခံသော၊ ယင်းတို့ကို မရိုကျိုးသော နိုင်ငံငယ်များတွင် အစိုးရဆန့်ကျင်ရေး အင်အားစုများမွေးကာ ပြည်တွင်းစစ်မီး တောက်လောင်အောင် လုပ်ကြံဖန်တီးလျက်ရှိသည်။ အချို့

နောက်ပိုင်းကာလ တစ်လျှောက်လုံးတွင် ပြ
အထောက်အကူပြု သောင်းကျန်းသူအမျိုးမျ
သွေးတိုးစမ်းတိုက်ခိုက်မှုများကို အကြိမ်ကြိမ် ကြ
ခဲ့ရကြောင်း သမိုင်းသက်သေအထင်အရှားရှိပေသ

**သို့ရာတွင် မြန်မာ့သမိုင်းစဉ်၌ သမိုင်း
အလာကောင်းများနှင့်အညီ တပ်မတော်ကို စွမ်း
သုံးရပ်နှင့် ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်
အင်အားတောင့်တင်းအောင် တည်ဆောက်ထ
သဖြင့်လည်းကောင်း၊ နိုင်ငံကာကွယ်ရေးနှင့်
ရေးတာဝန်အရ စစ်ဆင်ရေးတာဝန်များကို
မနား ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ
လေ့ကျင့်သားပြည့်ဝသည့် တပ်မတော်ဖြစ်၍
ကောင်း၊ ပြည်ပအားကိုး ပုဆိန်ရိုး၊ အကြမ်း
သောင်းကျန်းသူများကို တွန်းလှန်ချေမှုန်း တိုက်
နိုင်ခဲ့သည်။**

စွမ်းရည်ထက်မြက်သောခေတ်မီတပ်မတော် တည်ဆောက်နိုင်မှသာလျှင် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်မည်

ကြယ်ဖြူ

နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ကြိုးပမ်းရယူခဲ့ခြင်းဖြင့် မွေးဖွားလာခဲ့သော တပ်မတော်သည် ရရှိပြီးဖြစ်သည့် လွတ်လပ်ရေးမဆုံးရှုံးစေရန်အတွက် ပြည်တွင်းပြည်ပ အန္တရာယ်များကို တားဆီးချေမှုန်းခြင်းဖြင့် ကြီးပြင်းရှင်သန်လာခဲ့သည်။ တပ်မတော်သည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ရွှန်းဖိတ်လင်းလက်နေသော ပြည်သူတို့၏ တပ်မတော်ပင် ဖြစ်သည်။

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများဖြစ်သည့် လွတ်လပ်ရေး ကြိုးပမ်းမှုခရီးကြမ်းကို ပြည်သူတို့နှင့်အတူ တစည်းတလုံးတည်း အတူတကွ ချီတက်လာသကဲ့သို့ လွတ်လပ်ရေးမဆုံးရှုံးစေရန်အတွက်နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များ၊ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍများ၌လည်း အကြိမ်ကြိမ်ပါဝင် ထမ်းဆောင်ခဲ့ရသည်။ တည်ဆဲအစိုးရများ၏ နိုင်ငံရေး၊ စစ်ရေး အကျပ်အတည်းများကို ဖြေရှင်း နိုင်စွမ်းမရှိ သည့် ၁၉၄၉-၁၉၅၂ခုနှစ် ကာလများတွင် လည်းကောင်း၊ ၁၉၅၈-၁၉၆၀ ပြည့်နှစ်ကာလများတွင် လည်းကောင်း နိုင်ငံတော်၏ တာဝန်များကို ပူးတွဲထမ်းဆောင်ခဲ့ရသည်။၁၉၄၉-၁၉၅၂ခုနှစ် ကာလအတွင်း ကြုံတွေ့ရသော နိုင်ငံရေး၊ စစ်ရေး အကျပ်အတည်းအား တပ်မတော်ကဖြေရှင်းခဲ့ရာတွင် ဗကပ အပါအဝင် လက်နက်ကိုင် သောင်းကျန်းသူများ၏ လက်တွင်းသို့ ရောက်ရှိနေသော တစ်နိုင်ငံလုံးနီးပါး မြို့ကြီးများနှင့် နယ်မြေများကို ရှိသမျှလူသူ လက်နက်အင်အားဖြင့် စွန့်လွှတ်စွန့်စားပြီး ပြန်လည်တိုက်ခိုက်သိမ်းယူခဲ့ရသည်။

ထိုစဉ်ကာလက တပ်မတော်တွင် လက်နက်အင်အား မပြည့်စုံပေ။ တပ်ရင်းအချို့ကလည်း ဗြိတိသျှနယ်ချဲ့၏ လူမျိုးရေး သွေးခွဲသပ်လျှိုမှုဖြင့် ဖဆပလအစိုးရကို လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ယင်းအခြေ အနေသို့ ရောက်ရှိလာစေရန် ဗြိတိသျှနယ်ချဲ့သမားတို့သည် လွတ်လပ်ရေး မပေးမီကာလကတည်းကပင် တိုင်းရင်းသား လက်နက်ကိုင် တပ်ရင်းများအား နိုင်ငံရေးအရ၊ လူမျိုးရေးအရ အစွန်းရောက် အတွေးအခေါ်များ

သွတ်သွင်းကာ သပ်လျှို သွေးခွဲခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းသောင်းကျန်းသူများ စစ်ရေးအင်အား တောင့်တင်းစေရန် လက်နက်များ ဖြည့်တင်း တပ်ဆင်ပေးခဲ့ သည်။ ဗြိတိသျှနယ်ချဲ့သမားတို့က မြန်မာ့တပ်မတော်ကို အင်အားချည့်နဲ့စေရန်နှင့် နိုင်ငံတော် ပြိုကွဲစေရန်အတွက် နိုင်ငံရေး၊စစ်ရေးအရ

ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖြိုခွဲခဲ့မှု ဖြစ်သည်။ တစ်နည်းအားဖြင့် လက်နက်အင်အားပြည့်စုံသော တပ်မတော် ဖြစ်မလာစေရန်ရနိုင်သမျှ အခွင့်အလမ်း ယူ၍ ဗြိတိသျှနယ်ချဲ့သမားတို့က ကြိုတင်လုပ်ကြံ ဖန်တီးခဲ့ခြင်းလည်း ဖြစ်သည်။

မည်သို့ပင်ရှိစေ ကာမူ တပ်မတော်သည် ၁၉၄၉-၁၉၅၂ ခုနှစ်ကာလနှင့် ၁၉၅၈- ၁၉၆၀

အရလည်းကောင်း၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးရန်စလာနိုင်သော အခြေအနေနှင့်အနေအထားများ အချိန်အခါမရွေး ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိသဖြင့်

တပ်မတော် ခေါင်းဆောင်များက နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထိထိရောက်ရောက် ထမ်းဆောင်နိုင်မည့် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေးကို ကြိုတင်မျှော်တွေးပြီး အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

နှစ်ဆယ့်တစ်ရာစုခေတ်၌ အချိန်နှင့်အမျှ

နိုင်ငံများကို စစ်ရေးအရ ပြောင်ပြောင်တင်းတင်း ဝင်ရောက်၍ ကျူးကျော်တိုက်ခိုက်မှုများ ပြုလုပ်နေသည်။ သို့ရာတွင် ၎င်းတို့မလိုလားသော၊ ၎င်းတို့အား ဆန့်ကျင်လျက်ရှိသော နိုင်ငံအချို့၌ ခေတ်မီအင်အားတောင့်တင်းသော လက်နက်များ ရှိနေခြင်း တစ်နည်းအားဖြင့် ထိုနိုင်ငံများ၏ ကာကွယ်ရေးအင်အား တောင့်တင်းနေခြင်းကြောင့် အနောက်အင်အားကြီးနိုင်ငံအချို့က ကျူးကျော်ရန်စလိုသော်လည်း ကိုယ်ထိလက်ရောက် မပြုလုပ်ဝံ့ကြောင်း ယနေ့နိုင်ငံတကာဖြစ်ရပ်များတွင် တွေ့မြင်ရမည်ဖြစ်သည်။

အလားတူ ၎င်းတို့ဩဇာကို မနာခံသော၊ ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းအောင် မဆောင်ရွက်နိုင်သော နိုင်ငံငယ်များကိုမူ အမျိုးမျိုးသော စွပ်စွဲမှုများ ပြုလုပ်ပြီး ပြောင်ပြောင်တင်းတင်း ဝင်ရောက် ကျူးကျော်ရန်စမှုများ ရှိခဲ့ကြောင်း ယနေ့ဖြစ်ပေါ် နေသော မျက်မှောက်ဖြစ်ရပ် များက သက်သေ ပြနေသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လွတ်လပ်ရေးရပြီး

၎င်းတို့၏ မြန်မာနိုင်ငံအား တစ်ပိုင်းပြီးတ
သိမ်းပိုက်ရေး အစီအမံများကို တပ်မတေ
စစ်ရေးအရ လက်ဦးမှုရယူကာ ရိုက်ချိုးနိုင်ခဲ့
ချည်းဖြစ်သည်။ ယင်းသို့ မြန်မာ့ တပ်မတေ
အောင်ပွဲအလီလီရခဲ့ခြင်းသည် ပြည်သူတစ်ရပ်လ
နိုင်ငံနှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စား တ

**ဤသည်တို့မှာ မြန်မာ့တပ
ခေတ်မီတပ်မတော်အဖြစ်သို့
အကျိုးဆက် တရားပင်ဖြ
တောင့်တင်းပြီး စွမ်းရည်
ဖြစ်နေမှသာလျှင် နိုင်ငံတော်
ခိုင်မာမည် ဖြစ်သည်။**

ထမ်းဆောင်နေသော တပ်မတော်အား အာ
ကူညီခဲ့ကြ၍လည်း ဖြစ်သည်။

ယခုတင်ပြချက်များကို ခြုံငုံသုံးသပ
တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိ
ဟူသော သဘောတရား ပေါ်လွင်ထင်ရှား
သည်။ ထို့ကြောင့် မြန်မာ့တပ်မတော်ကို အင်
တောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေ

က်ပိုင်းကာလ တစ်လျှောက်လုံးတွင် ပြည်ပ
တက်အကူပြု သောင်းကျန်းသူအမျိုးမျိုး၏
တိုးစမ်းတိုက်ခိုက်မှုများကို အကြိမ်ကြိမ် ကြုံတွေ့
ကြောင်း သမိုင်းသက်သေအထင်အရှားရှိပေသည်။

**သို့ရာတွင် မြန်မာ့သမိုင်းစဉ်၌ သမိုင်းအစဉ်
ာကောင်းများနှင့်အညီ တပ်မတော်ကို စွမ်းရည်
ုပ်နှင့် ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်လျက်
အားတောင့်တင်းအောင် တည်ဆောက်ထားနိုင်
င့်လည်းကောင်း၊ နိုင်ငံကာကွယ်ရေးနှင့် လုံခြုံ
တာဝန်အရ စစ်ဆင်ရေးတာဝန်များကို မရပ်
း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ
ကျင့်သားပြည့်ဝသည့် တပ်မတော်ဖြစ်၍လည်း
င်း၊ ပြည်ပအားကိုး ပုဆိန်ရိုး၊ အကြမ်းဖက်
င်းကျန်းသူများကို တွန်းလှန်ချေမှုန်း တိုက်ဖျက်
သည်။**

...င်မှသာလျှင်

ၤင်းတို့၏ မြန်မာနိုင်ငံအား တစ်ပိုင်းပြီးတစ်ပိုင်း
ပိုက်ရေး အစီအမံများကို တပ်မတော်က
ရေးအရ လက်ဦးမှုရယူကာ ရိုက်ချိုးနိုင်ခဲ့သည်
းဖြစ်သည်။ ယင်းသို့ မြန်မာ့ တပ်မတော်က
င်ပွဲအလီလီရခဲ့ခြင်းသည် ပြည်သူတစ်ရပ်လုံးက
နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စား တာဝန်
တပ်မတော်အဖြစ် တည်ဆောက်နေခြင်းသည်
တိုင်းပြည်အင်အားရှိအောင် ဖော်ဆောင်နေခြင်းပင်
ဖြစ်သည်။

မြန်မာ့တပ်မတော်၌ အင်အားတောင့်တင်းမှု
ရှိမရှိ၊ စွမ်းရည်သုံးရပ် ပြည့်ဝမှုရှိမရှိ သွေးတိုးစမ်း

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

**ဤသည်တို့မှာ မြန်မာ့တပ်မတော်ကို အင်အား တောင့်တင်းသော
ခေတ်မီတပ်မတော်အဖြစ်သို့ ကြိုးပမ်း တည်ဆောက်လာခဲ့သော
အကျိုးဆက် တရားပင်ဖြစ်သည်။ တပ်မတော် အင်အား
တောင့်တင်းပြီး စွမ်းရည် ထက်မြက်သော ခေတ်မီတပ်မတော်
ဖြစ်နေမှသာလျှင် နိုင်ငံတော်၏ အင်အားသည်လည်း တောင့်တင်း
ခိုင်မာမည် ဖြစ်သည်။**

ဆောင်နေသော တပ်မတော်အား အားပေး
ရှိခဲ့ကြ၍လည်း ဖြစ်သည်။

ယခုတင်ပြချက်များကို ခြုံငုံသုံးသပ်လျှင်
မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်
သော သဘောတရား ပေါ်လွင်ထင်ရှားနေပေ
၏။ ထို့ကြောင့် မြန်မာ့တပ်မတော်ကို အင်အား
တောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ

စိန်ခေါ်မှုအဖြစ် ၂၀၀၁-၂၀၀၂ ကာလက ရှိခဲ့ဖူး
သည်။ မြန်မာနိုင်ငံ နယ်စပ်ဒေသရှိ မိမိတပ်စခန်း
ငယ်များအား SURA ဘိန်းမှောင်ခိုအကြမ်းဖက်
သောင်းကျန်းသူအဖွဲ့က ပြည်ပအားကိုးပြီး သွေးတိုး
စမ်း တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည်။

ၤင်းတို့၏ ရည်ရွယ်ချက်မှာ နယ်စပ်ဒေသ
တစ်လျှောက် ကျူးကျော်သိမ်းပိုက်ရန် အစီအမံများ

ဖြစ်သည်။ ထိုအချိန်တွင် တပ်မတော်က မိမိ၏
ခိုင်မာတောင့်တင်းသော စစ်အင်အားကို ပေါ်လွင်
ထင်ရှားစွာ ခင်းကျင်းပြသပြီး ထိထိရောက်ရောက်
တန်ပြန်တိုက်ခိုက်နိုင်သည့်အတွက် ၤင်းတို့၏ မူလ
အစီအမံ ပျက်ပြယ်သွားခဲ့ရသည်။

ထိုအချိန်တွင် တပ်မတော်က မိမိ၏ ရှိသမျှ
အင်အားနှင့် စွမ်းပကားကို ဖော်ထုတ်ပြသမှု မပြု
နိုင်ခဲ့ပါက နိုင်ငံနှင့်တပ်မတော်အပေါ် ဒေသတွင်း၌
ခံ့ညားလေးစားမှု ယခုကဲ့သို့ တည်ရှိနိုင်မည် မဟုတ်
ချေ။ မခန့်လေးစား ပမာမထားသော သဘောထား
ဖြင့် နိုင်ငံနှင့်တပ်မတော်အပေါ် ဆက်ဆံလာကြ
မည်သာ ဖြစ်သည်။

**ဤသည်တို့မှာ မြန်မာ့တပ်မတော်ကို အင်အား
တောင့်တင်းသော ခေတ်မီတပ်မတော်အဖြစ်သို့
ကြိုးပမ်းတည်ဆောက်လာခဲ့သော အကျိုးဆက်
တရားပင်ဖြစ်သည်။ တပ်မတော် အင်အား တောင့်
တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်
ဖြစ်နေမှသာလျှင် နိုင်ငံတော်၏ အင်အားသည်
လည်း တောင့်တင်းခိုင်မာမည်ဖြစ်သည်။**

မျက်မှောက်နိုင်ငံတကာအခြေအနေတွင်
အင်အားကြီးနိုင်ငံအချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ
အား နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဖိအားပေး
နေသည့်နည်းတူ အချို့သောနိုင်ငံငယ်များ၌ ၤင်းတို့
နိုင်ငံကို ကာကွယ်ရန် ခေတ်မီတပ်မတော်အဖြစ်
တည်ဆောက်နေခြင်းကို လိုလားခြင်းမရှိပေ။
ၤင်းတို့နိုင်ငံများက လွဲ၍ ကမ္ဘာပေါ်တွင် မည်သည့်
နိုင်ငံမျှ စစ်ရေး အင်အား တောင့်တင်းခြင်းမရှိစေရန်
ရည်ရွယ်ပြီး အဏုမြူဗုံး ထုတ်လုပ်နေသည်ဟူ၍
လည်းကောင်း၊ လူသား မျိုးနွယ်ပျက်စီးစေမည့်
ဓိဝဓာတုလက်နက်များ ထုတ်လုပ်နေသည်ဟူ၍
လည်းကောင်း၊ စွပ်စွဲပုတ်ခတ်၍ ကျူးကျော်
တိုက်ခိုက်ရန် ခြိမ်းခြောက်ခြင်း၊ ကျူးကျော်
တိုက်ခိုက်လျက်ရှိခြင်း စသည့်တို့မှာ အင်အားကြီး
နိုင်ငံအချို့၏ ဗိုလ်ကျစိုးမိုးရေးကိုလိုနီ လက်သစ်
လုပ်ရပ်ပင် ဖြစ်သည်။

စင်စစ် ယင်းအင်အားကြီးနိုင်ငံအချို့သည်
ခေတ်မီလက်နက်အမျိုးမျိုးကို အများဆုံး ထုတ်လုပ်
ရောင်းချနေသော လက်နက်ကုန်သည်နိုင်ငံများ
ဖြစ်သကဲ့သို့ နိုင်ငံတကာငြိမ်းချမ်းရေးအတွက်
လက်နက်ဆန်းများ မထုတ်လုပ်ရန် ချုပ်ဆိုထားသည့်
နိုင်ငံတကာ စာချုပ်များတွင်လည်း ပါဝင်လက်မှတ်
ထိုးခြင်းမပြုကြပေ။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

ထို့ကြောင့်ပင် မျက်မှောက်နိုင်ငံတကာ အခြေ
အနေများအရ မြန်မာ့တပ်မတော်ကို အင်အား
တောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ
တပ်မတော်အဖြစ် အခိုင်အမာတည်ဆောက်နိုင်မှ
သာလျှင် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့်
လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နိုင် မည်ဖြစ်
သကဲ့သို့ တည်ငြိမ်အေးချမ်းသော၊ ဖွံ့ဖြိုး တိုးတက်
သော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်
ထည်ထည် ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း
ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့သမိုင်းစဉ်၌ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ တပ်မတော်ကို စွမ်းရည်သုံးရပ်နှင့် ပြည့်စုံအောင် လေ့ကျင့် ပျိုးထောင်လျက် အင်အားတောင့်တင်းအောင် တည်ဆောက်ထားနိုင်သဖြင့် လည်းကောင်း၊ နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်အရ စစ်ဆင်ရေးတာဝန်များကို မရပ်မနား ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ လေ့ကျင့်သားပြည့်ဝသည့် တပ်မတော်ဖြစ်၍လည်းကောင်း၊ ပြည်ပအားကိုး ပုဆိန်ရိုး၊ အကြမ်းဖက် သောင်းကျန်းသူများကို တွန်းလှန်ချေမှုန်းတိုက်ဖျက်နိုင်ခဲ့သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ
အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အကြံပြုချက်စာတမ်းဖတ်ကြား

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၂၅

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေး အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

အဆိုပါ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ “ဝ”အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့်တစ်သီးပုဂ္ဂလတို့မှရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊တနင်္သာရီတိုင်း၊ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊အဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားတွေ့ရစဉ်။

(သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ဆပ်ကော်မတီအသီးသီးမှ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ၊တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင် ခန်းမတို့၌ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဒင်(ခေါ်)ဦးထေးရယ်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလော်ဆင်ကွမ်း၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကြည်တင့်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဘိုသိန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာသိန်းညွန့်(ညွန့်ဝေ-ကသာ)၊နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာတို့ ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၀ တို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၈ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေး အကြံပြုချက် စာတမ်းများကို ဖတ်ကြား တင်ပြကြရာတွင် ရှေးဦးစွာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောအုံးတင်၊ ဒေါ်မေရီယန်နှင့် ဒေါ်ညွန့်ညွန့်ဝင်းတို့က ဖတ်ကြားတင်ပြကြပြီး စုံညီ အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ကျင်းပရာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးအိန်လင်း၊ ဒေါ်နန်းအေးတင့်နှင့် ဒေါက်တာခင်ရွှေတို့က ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို မတ် ၂၈ရက် နံနက် ၉ နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. K.Natwar Singh **နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. K.Natwar Singh နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia လည်း တက်ရောက်သည်။

(သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောအုံးတင်က တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာခင်ရွှေက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးအိန်လင်းက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါ်မေရီယန်က တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါ်ညွန့်ညွန့်ဝင်းက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါ်နန်းအေးတင့်က တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

မျှော်မြင်တွက်ဆ ကြည့်လိုက်ကြစို့

- ❒ ဗလာဟင်းလင်း၊ ကာကွယ်ကင်းသည့်
  အိမ်ဝင်းဂေဟာ၊ ကြီးကျယ်ပါလည်း
  ဘယ်ခါတွင်မှ မလုံခြုံ။
- ❒ အကွယ်အကာ၊ နံ့ချာသေးနုပ်
  ပြုလုပ်ကာရံ၊ ထိုဝင်းခြံကို
  အကြံသမား၊ စိတ်ကစားလျက်
  ချဉ်းလား ကပ်လား၊ ခြိမ်းခြောက်လားနှင့်
  စော်ကားချိုးဖျက်၊ နိုင့်ထက်ကလူ
  သူ ပြုမူတတ်၊ မင်းမူတတ်၏။
- ❒ ခိုင်မာခံ့ညား၊ ရံထားဝင်းခြံ
  အကြံသမား၊ စော်ကားကျူးဝင်
  ပြုလုပ်ချင်လည်း၊ မြင်ရုံမျှပင်
  ကျူးဝင်လိုစိတ်
  မှိုသိပ်လွင့်ပါး၊ ကုန်ခန်းသွားပြီး
  ဝံ့စားလိမ့်မည် မဟုတ်ပါ။
- ❒ ဤသို့ဆိုသော်၊ နိုင်ငံတော်အား
  ကာကွယ်သွားမည့်၊ အင်အားအမှန်
  နိုင်ငံတပ်မတော်၊ ရုပ်လုံးဖော်လျှင်
  သွင်ပြင်ခံ့ညား၊ အင်အားတောင့်တင်း
  ခေတ်မီခြင်းသာ၊ မရှိပါက
  ကမ္ဘာရွာဖြစ်၊ ဤသည့်ခေတ်မှာ
  ဒို့မြန်မာသည်
  ရှည်ကြာဘယ်သို့ ဖြစ်မည်နည်း။ ။

မေရှ

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စစ်ရေးပြ စစ်ကြောင်းကြီးများ တပ်ပါအပြီးသတ် လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း ပြည်လမ်း ပြည်သူ့ဥယျာဉ် မျက်နှာစာ၌ တပ်မတော်နေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (ထပဆ)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြု မြေစိုက်ပိုစတာကြီး စိုက်ထူ ကွန်ပျူတာဆော့ဝဲပရိုဂရမ်ဖြင့် သရုပ်ဖော်၍ နိုင်ငံတကာအဆင့်မီတည်ဆောက်ထား

ရန်ကုန် မတ် ၂၅

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အလျား ၇၂ပေ၊ အနံ ရှစ်ပေခွဲရှိ မြေစိုက်ပိုစတာကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့ဥယျာဉ်မျက်နှာစာ၌ကျင်းပရာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲ ရွေးချယ်ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ အရန်စစ်ရေးပြမှူး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြေစိုက်ပိုစတာကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုမြေစိုက်ပိုစတာကြီးတွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းညွှန်မှာကြားချက်များ၊ အမျိုးသားညီလာခံကျင်းပပုံ၊ နိုင်ငံတော်၏ အထူးစီမံကိန်းကြီးများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ အဆောက်အအုံများနှင့် တပ်မတော်နေ့ အခမ်းအနားတွင် ကြည်း၊ ရေ၊ လေ တပ်မတော်သားများ ချီတက်နေပုံများကို ပေါင်းစပ်ဖော်ပြထားသည်။

တည်ဆောက်ထား

အဆိုပါမြေစိုက်ပိုစတာကြီးကို ကွန်ပျူတာပညာရှင် ဦးမောင်မောင်အေး ခေါင်းဆောင်သည့် မြန်မာစီဒီရွမ် WWW ကုမ္ပဏီဂရု(ဖ်)မှ ကွန်ပျူတာ ပညာရှင်များက ဒိုင်မေးရှင်း (Dymation)များ ပေါင်းစပ်ရွေ့လျားမှုစနစ် ကွန်ပျူတာ ဆော့ဝဲပရိုဂရမ်ဖြင့် သရုပ်ဖော်ကာ နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားပြီး တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီက ငွေကျပ် သိန်း ၃၀၊ ကွန်ပျူတာ ပညာရှင် ဦးမောင်မောင်အေးက လှူဒါန်းငွေကျပ် ၂၆ သိန်းအပါအဝင် စုစုပေါင်း ငွေကျပ် ၅၆ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်မည့် စစ်ကြောင်းကြီးများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် တပ်ပါအပြီးသတ်လေ့ကျင့်မှု တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စစ်ဆေး

ရန်ကုန် မတ် ၂၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅နာရီခွဲမှ ၉နာရီခွဲအထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် တပ်ပါအပြီးသတ်လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း လေ့ကျင့်ကြရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။

တပ်ပါ အပြီးသတ်စစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်အောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက အပြီးသတ်စစ်ရေးပြ လေ့ကျင့်ကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ဒို့မမှု

❒ ငါတို့ဌာနေ ငါတို့မြေမှာ
ရတနာမျိုးစုံ တောင်လိုပုံလို့
ကုံလုံပွားများ ဆန်စပါးနှင့်
သားငါးထွေထွေ ပြည့်စုံနေမို့
ပိတ်ဆို့လို့လည်း ဒို့မမှု။

❒ ကမ္ဘာနဲ့အဝန်း ဖြစ်ပေါ်ထွန်းခဲ့
အစွန်းနှစ်ပါး လမ်းစဉ်များကြောင့်
တို့များရင်မှာ ဝဲယာအစွဲ
ရှောင်လွှဲလမ်းမှန် လျှောက်ရန်မျှော်မှန်း
စွမ်းအားပေါင်းစု တိုင်းပြည်ပြု။

❒ တစ်ချိန်ခါက ပြည်ပသပ်လျှို
မလိုမုန်းထား ပြုရက်အားကြောင့်
သားချင်းဆွေရင်း ချင်းချင်းဆင်နွှဲ
ရန်ပွဲများကို ရပ်နားခဲ့ပြီ
တူညီကျိုးပြု နေ့ယခု။

❒ ဒေသတွင်းနိုင်ငံ အာဆီယံနှင့်
ပြန်လှန်ချစ်ကြည် ပေါင်းစည်းညီမှု
အပြုသဘော ဆက်ဆံသောကြောင့်
သဘောပေါက်ရင်းနှီး အိမ်နီးကောင်းတို့
ပူးပေါင်းအန်တု စိန်ခေါ်မှု။

❒ လူမှုတို့ဘဝ ညီမျှမှန်ကန်
လျှောက်လှမ်းရန်တွက် လမ်းမှန်ခုနစ်ရပ်
ချမှတ်ပြီးမို့ သွားစို့တူညီ
ဒီမိုကရေစီနိုင်ငံသစ် ဖြစ်ပေါ်လာရေး
မျှော်တွေးကြိုးပမ်း တစ်စိတ်တစ်ဝမ်းမို့
ပိတ်ဆို့လို့လည်း ဒို့မမှု။
စွမ်းအားပေါင်းစု တိုင်းပြည်ပြု။
တူညီကျိုးပြု နေ့ယခု။
ပူးပေါင်းအန်တု စိန်ခေါ်မှု။ ။

မိုးရန်နိုင်(ကျောက်ကြီး)

ဂုဏ္ဍာပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဇန်နဝါရီလ ၄ ရက်တွင် "အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသော ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ မဟာစည်နာယက သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ သူရိယ အရှင်သူမြတ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံဒေသ သံပုရာခုံကျောင်း၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်ပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၅ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေးတို့က တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဖွင့်ပွဲအပြီးတွင် ရဟတ်ယာဉ်များဖြင့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ဧရိယာပတ်ဝန်းကျင်အခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေနှင့် စက်ပစ္စည်းဝယ်ယူသွားမည့်ကိစ္စများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို လက်ရှိ ပေါင်းလောင်းစီမံကိန်း၏ အထက်ဘက် ၃၂ မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်နေခြင်းဖြစ်သည်။

ရေကူဖြည့်ပေးနိုင်

အဆိုပါ စီမံကိန်းကို ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းမှ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၁၄၀ ထုတ်ယူရရှိမည့်အပြင် အောက်ဘက်ရှိ ပေါင်းလောင်းရေလှောင်တမံကို ရေကူဖြည့်ပေးနိုင်မည့် စီမံကိန်းဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ် နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၅ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအမ်၊ မိုရှက်ခန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၅

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနား ကျင်းပပုံနှင့် စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ ချီတက်စစ်ရေးပြကြပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တို့မှ မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှစပြီး အခမ်းအနားကျင်းပရာ တော်လှန်ရေးပန်းခြံမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ မတ်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၂၇-၃-၂၀၀၅ ရက်နေ့

၂၀၀၅ခုနှစ်၊ ဧပြီလ အတွက်

၁၀-၄-၂၀၀၅ ရက်နေ့ နှင့်
၂၄-၄-၂၀၀၅ ရက်နေ့

မြန်မာ့ရုပ်မြင်သံကြား

၂၆-၃-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅။ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ အဆိုပြိုင်ပွဲ
- ၇း၅၅ ၇။ မျိုးမျိုးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၈။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၈း၂၀ ၉။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၁၀။ International News
- ၈း၄၅ ၁၁။ Grammar made Easy
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁း၃၀ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၀၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** အပိုင်း(၂၂)
- ၁၂း၃၅ ၅။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲ
- ၁၂း၅၀ ၆။ **"အမြင်"** မင်းသူ၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-သက်တင်)
- ၁၄း၃၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄း၄၅ ၈။ International News
- ၁၅း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ ခုနှစ်)
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇း၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇း၃၀ ၇။ အကပဒေသာ
- ၁၇း၄၅ ၈။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇း၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
- ၁၈း၀၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၈း၁၅ ၁၁။ Discovery
- ၁၈း၂၀ ၁၂။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"** (အပိုင်း-၉)
- ၁၉း၂၅ ၁၆။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉း၄၅ ၁၇။ ပြည်သူ့အတွက် တပ်မတော် "သားမောင် စစ်သည်ထံမှ အမေ့ထံသို့ပေးစာ"
- ၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **ရုပ်မြင်သံကြားဇာတ်လမ်း "သူရဲကောင်းများ ထွန်းကားသည်" (အပိုင်း-၃) ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ ဇင်ဝိုင်း၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှမျိုးသဥ္ဇာနွယ် (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

အင်အားအသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် မတ် ၂၅

မတ် ၂၅ရက် မြန်မာစံတော်ချိန် ၇ နာရီ ၃၇ မိနစ် ၃၀ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် မိုင်၉၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝိဇာတပူဇာကျင်းပမည်

ရန်ကုန် မတ် ၂၅

တပ်ကုန်းမြို့ မြို့လယ်သာသနာ့ဝေပုလ္လစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ၏ သက်တော်(၅၅)နှစ်ပြည့် ဝိဇာတပူဇာအခမ်းအနားတွင် တပ်ကုန်းမြို့နေ ကိုနေမျိုးဝင်းမိသားစုက ပရိက္ခရာစုံလင်စွာဖြင့် ဆရာတော်အား သိက္ခာထပ်ပေးပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒုလ္လဘရဟန်းခံခြင်း၊ သာမဏေသွတ်သွင်းခြင်းများကို မတ် ၂၇ ရက် မြို့လယ်မဟာမြတ်မုနိဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး တပည့်ဒါယကာ ဒါယိကာမများအား ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်လိုင်စင်ခွန် သက်တမ်းတိုးမြှင့်ရန် နှိုးဆော်

ရန်ကုန် မတ် ၂၅

၂၀၀၅ ခုနှစ်အတွက် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်ခဲ့ပြီး စောင့်ဆိုင်းကာလ ရက်ပေါင်း ၆၀ ဖြစ်သည့် ဇန်နဝါရီ ၃၁ ရက်မှ မတ် ၃၁ ရက်အထိ ကာလအတွင်း လိုင်စင်သက်တမ်းတိုးရန် ပျက်ကွက်နေသူများထံသို့ ဖေဖော်ဝါရီလဆန်းနှင့် မတ်လဆန်းတို့တွင် တစ်ဦးချင်းစီသို့ အကြောင်းကြားစာ နှစ်ကြိမ်ပေးပို့ခဲ့ပြီးဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် အကြောင်းကြားစာများ မရရှိခဲ့သူများသည် လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းကို သက်ဆိုင်ရာ မြို့နယ်ဆက်သွယ်ရေးစခန်း (စာတိုက်)များတွင် မတ် ၃၁ ရက် နောက်ဆုံးထား၍ အပြီးဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘရူနိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ ထိုင်းလူငယ်အသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် မတ် ၂၅

၂၀၀၅ ခုနှစ် ဒုတိယအကြိမ် ဘရူနိုင်း ဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်က ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းလူငယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်စွဲသွားသည်။ **(မြန်မာ့အလင်း)**

ကြာငါးခိုင် ရှင်ပြု ရဟန်းခံသက်နှင်း

ကားရောင်းမည်

အိမ်စီးကားသန့် ရောင်းမည်။ Sunny Super Saloon အဖြူ၊ ၃က/…၈၇ Model၊ ပွဲစားမလို။

Ph. 09-512-3672

အမည်ဖြည့်စွက်ခြင်း

ဦးစိန်ထွန်း၏သမီး အေးအေးမွန် ၉/မရတ(နိုင်)၀၁၈၈၇၇အား ယနေ့မှစ၍ အေးအေးမွန်(ခ)အေးအေးမွန်သာဟု ဖြည့်စွက်ခေါ်ပါရန်။

အေးအေးမွန်(ခ)အေးအေးမွန်သာ။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မပွင့်ဖြူအောင်၏ ပတ်စပို့ အမှတ် ၅၂၉၆၂၃နှင့် စာရွက်စာတန်းများပါ ဖိုင်တွဲပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **မပွင့်ဖြူအောင်**

ဖုန်း-၇၂၇၄၃၅။

Wellness

ထွက်ပြီ

ချန်ပီယံလောင်း

vcd

karaoke

ACID NS 102.7fm TOO BIG THEORY SYSTEM EXAMPLEZ

ထွက်ပြီ

CMP 10th Anniversary

VCD 2 Disc

examplez

TAPE , CD VCD, DVD

- 28-3-05 ...
- Examplez ... VCD, DVD ...

Diploma Courses
1. International Diploma in Computer Studies < 1 Yr >
2. International Diploma in Business < 1 Yr >
3. L.C.C.I (Level I, II & III) < 6 months >

Business Courses
1. Financial Management
2. Human Resources Management
3. General Management
4. Marketing Management

Computer Application Courses
1. Basic Computer Application
2. Office Automation
3. Desktop Publishing
4. Computerized Accounting
5. Internet & E-mail
6. Computer Aided Design
7. Programming and Software Development

Language
1. English
2. Japanese

International Diploma သင်တန်းများကို 29, March 2005 တွင် စတင်ဖွင့်လှစ်မည်။

Enroll Now

Contact :

ICEC NCC

ဦးခိုင်းထွန်းခင်နှင့်ဒေါ်မေမြတ်ဇော်တို့သိစေရန်

ကျွန်ုပ်၏အမှုသည် ဒေါ်ခင်မျိုးမျိုးထွန်း ၁၂/စခန(နိုင်)၀၀၁၇၉၅၏လွှဲအပ်ညွှန်ကြားချက်အရသိစေရန်မှာ လူကြီးမင်းတို့သည် ကျွန်ုပ်၏အမှုသည်က ယုံကြည် စွာပေးအပ်ခဲ့သည့်ငွေများကို လက်ခံယူသွားခဲ့ပြီးနောက် ပြန်လည်ပေးရန်ကတိပြု ထားသည့်နေ့ရက်တွင် ပြန်မပေးဘဲ တိမ်းရှောင်နေခဲ့ပါသည်။

သို့ပါ၍ ဤကြော်ငြာပါရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်အမှုသည်ထံမှယူသွားခဲ့သောငွေများကို လာရောက်ရှင်းလင်းပေးရန် တောင်းဆိုအပ်ပါသည်။ ယင်းနေ့ထက်ကျော်လွန်ပါက ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးဇော်လင်း (တရားရုံးချုပ်ရှေ့နေ) စဉ်-၂၃၃၇
အမှတ် ၁၀၃(ပထမထပ်)၊ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၂၀၆၈။

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)အစည်းအဝေး

ရန်ကုန် မတ် ၂၅

ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ၂ရက် (စနေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အာဇာနည်လမ်းရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ညောင်လေးပင်မြို့နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါးတို့အား လှူဒါန်းပူဇော်ပွဲ၊ အသက်(၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိကြသည့် အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုပွဲများပြုလုပ်မည်ဖြစ်၍ အသက်(၇၅)နှစ်အထက် အသင်းဝင်များနှင့် ဂုဏ်ထူးရကျောင်းသားများသည် ဒေါ်ကြင်စိန် ဖုန်း-၂၉၄၄၈၄၊ ဦးအေးဝင်း ဖုန်း-၂၄၉၉၉၃၊ ဒေါ်မူမူလှ ဖုန်း-၅၇၀၄၈၄ တို့သို့ မတ်၂၉ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

Traditional Thingyan Festival ကို International Fashion နှင့်ပါဝင်ဆင်နွှဲကြစို့ DI ကိုသွားကြစို့ ...

- Reversable (...) one set များ
- Micro Fibre shorts များ Long Pants များ (5 နှစ် မှ 13 နှစ်အထိ)
- Wind-breaker ... Jacket ...
- ... shirts, sport shirts နှင့် ... shirts များ
- ... shirt ... shirt ...
- ... Swimming wear များ
- ... cotton ...

DI ရဲ့ ဒိုနစ်ဒသကြီးမေးပွဲတော်ကြီးကို လာဖြစ်အောင်လာခဲ့ကြပါဦးလို့ ...

Discount ပေးမည့်ရက် - 21-3-2005 မှ 11-4-2005 အထိ

Discount ပေးမည့်နေရာ - ... ☎ 526826, 510913

သွေးနီနီမောင်း သမိုင်းကြောင်းရှည် တို့ပြည်တပ်မတော်

❒ တို့တပ်မတော်၊ တို့ရဲဘော်
တပ်မတော်ကား၊ ပြည်သူသားတည့်
ပြည့်သားလူမော်၊ တပ်မတော်တည်း
ရဲဘော်မသေ၊ ရေမြေလေတွင်
အစဉ်ရှိဆဲ၊ ရှိနေမြဲလေ
အောင်ပွဲလီလီ၊ ရခဲ့ပြီလေ
ဘီဘင်ဘေးဘိုး၊ တို့မျိုးရိုးတို့
စစ်ထိုးခြင်းရာ၊ စစ်သေနင်္ဂါ၌
ခံခွာချီတိုက်၊ အောင်လံစိုက်ကြ
စစ်၌ကျွမ်းကျင်၊ သမိုင်းတွင်၏
သင်သည်ကြားလော့၊ မြင်ကုန်လော့
မှတ်လော့၊ နာလော့၊ သိကုန်လော့။

❒ မြန်မာတို့တပ်၊ မားမားရပ်၏
ပတ်လွှံ့ကျော်ထင်၊ သူ့ဂုဏ်အင်သည်
အင်ဒိုချိုင်းနား၊ လွန်ကျော်ကြားဘိ
နှစ်များရာချီ၊ ထောင်နှင့်ချီခဲ့
ဤရှေ့တောင်အာရှ၊ ထင်လင်းလှ၏
ထွန်းပအလံ၊ လေဝယ်ဆန်၍
လွင့်ပျံဝဲလျက်၊ မိုးသို့တက်ခဲ့
ရဲမက်စစ်ချီ၊ သွေးနီနီတည်း
အောင်စည်အောင်မောင်း၊ ရိုက်ခညောင်းဘိ
သောင်းသောင်းညံညံ၊ ဘဝဂ်လျှံခဲ့
ကွင်းယံတောင်စောင်း၊ မြစ်ရေချောင်းနှင့်
ပိတ်ပေါင်းထူထပ်၊ တောရပ်ရပ်တို့
ဖြတ်ကျော်ထိုးဖောက်၊ စစ်လမ်းပေါက်၏
ယောကျာ်းဇာနည်၊ မြန်မာပီစွ
ရာသီမျိုးမျိုး၊ ဆောင်းနွေမိုးလည်း
စစ်ထိုးနိုင်စွမ်း၊ အခန်းခန်းလျှင်
လွှမ်းမိုးအောင်နိုင် စစ်မဏ္ဍိုင်။

❒ ရောဝတီ၊ သံလွင်ညီနောင်
မဲခေါင်မြစ်ရိုး၊ စစ်ခါးကျိုးအောင်
ရိုက်ချိုးပိုင်းပိုင်း၊ စစ်မဆိုင်းကြ
စစ်လိုင်းလုံးစီး၊ မာန်ဟုန်ကြီးမြင့်
စစ်ဘုရင့်နောင်၊ ရန်ကြီးအောင်နှင့်
မဲခေါင်တံခွန်ထူ၊ တရုတ်ဖြူပြိုကွဲ
ဗုန်းဗုန်းလဲရာ၊ နမူနာပင်
ကမ္ဘာတစ်လွှား၊ ကုန်သိကြားရာ၊ ပွဲမဟာတည်း။
သစ္စာဖောက်ဗကပ၊ ချိုထောင်ကြွ၍
ဒေသကွမ်းလုံ၊ တပ်စုပြုံလျက်
ရက်ပေါင်းလေးဆယ်၊ ရအုံ့ရွယ်သော်
တပ်မတော်ဘုန်း၊ မိုးထစ်ချုန်း၏
အုန်းအုန်းကျွက်ကျွက်၊ တစ်ခဲနက်လျှင်
ဆက်တိုက်မှုန်းချေ၊ ပြည်သူတွေလည်း
ပေါင်းစည်းတိုက်ခိုက်၊ ကူညီတိုက်ကြ
ဟိုက်ကမ်းပါးကုန်း၊ စစ်ချေမှုန်းပြီ ထွေးလုံးရစ်ပတ်
သတ်ဖြတ်သုတ်သင်၊ နင်လိုလူကား
မှုန့်မှုန့်ဝါးမယ်ဟေ့၊ ကျားကျားကျားကျား
ကြုံးဝါးရဲမက်၊ လုံ့စွပ်တက်ထိုး
တပ်ပျက်ကျိုးပြီ၊ ခွေးဖင်သီသို့
တစ်ချီတည်းပြေး၊ အရှုံးပေးရ
သွေးအိုင်ထဲတွင်၊ သူကောင်တင်ရစ်၊ ရာချီနစ်ခဲ့။
ပစ်ခတ်အမြောက်၊ အလွန်ကြောက်ဖွယ်
ပေါက်ကွဲနှစ်ဆင့်၊ နားအုံပွင့်လျက်
အသက်ထွက်လေ၊ ရာထောင်သေပြီ
ဤစစ်ပွဲလည်း၊ အောင်ပွဲကြီး၍
အိမ်နီးနားချင်း၊ တပ်တစ်သင်းတို့
ချဉ်းကပ်လေ့လာ၊ သင်ခန်းစာပင်
နည်းနာဆည်းပူးထူးထူးခြား။

❒ တောင်ကြောမှာရှင်း၊ တပ်ချခြင်းဖြင့်
တောတွင်းမှာနေ၊ ချောင်းရေကျိုသောက်
တောအောက်သစ်ရွက်၊ ညွန့်ခက်ကိုရူး
ဟင်းချိုချက်ပြုတ်၊ ငရုတ်သီးထောင်း
ငါးပိထောင်းကာ၊ ဟင်းလျာအမဲ
ဘူးထဲမှယူ၊ပူပူနွေးနွေး၊ ထမင်းကျွေးကြ။
ကျွေးမွေးခွဲလိုက်၊ တပ်စုလိုက်ပင်
နှစ်ခြိုက်စားကြ၊ အားပါးရပင်
စစ်ကနားနေ၊ အမောဖြေကြ
ထိုနေရာတွင်၊ အိပ်ရန်ပြင်သော်
တဲလျှင်ထိုးခြင်း၊ သစ်ရွက်ခင်း၍
မြေခင်းခြုံထည်၊ ဖြန့်ကျင်းသည်တည့်
တန်းစီအိပ်ခဲ့၊ သူ့အဖွဲ့နှင့်
ကိုယ့်ဖွဲ့တစ်တွေ၊ စည်းလုံးနေကြ
ကင်းကျသူစောင့်၊ တပ်ထောင့်တိုင်းမှာ၊ ကျင်းတူးပါ၍
ကျင်းမှာရပ်လိုက်၊ သူထိုင်လိုက်ဖြင့်
ချုံ၌ပုန်းနေ၊ ရန်သူဖွေ၍
တောမြေမြိုင်ကြီး၊ ရိပ်ကာဆီးနေ
မီးကျီးဖိုထား၊ ပူငွေ့များဖြင့်
နှင်းများကာကွယ်၊ အချမ်းဖယ်ရှား
ပူနွေးသွား၏၊ ကင်းများလဲရာ
သူငါကူညီ၊ ရဲဘော်ပီသ၊ နှင်းကကျနေ
ညလည်းမအိပ်၊ မေးမမိုတ်နိုင်
ရင်ဆိုင်လာသူ၊ ထိုရန်သူတို့
သူအငိုက်ဖမ်းထား၊ တပ်လှန့်ထားပြီ
အားလုံးအသင့်၊ ကျင်းဝင်နှင့်ပြီ
ဆင့်ဆင့်မောင်းတင်၊ သတ်ကွင်းဝင်သော်
ရဲဘော်အားလုံး၊ ပစ်ခတ်ကြုံးပြီ
တောလုံးဆူညံ၊ ပေါက်ကွဲသံများ
ပြင်းထန်ဖြိုလှဲ၊ ရန်ပြိုကွဲ၏
လဲကျထိမှန်၊ မတုံ့ပြန်နိုင်
ရန်သူပြုတ်ပြုတ်ပြုန်း၍ ရှုံးနိမ့်ခဲ့။

❒ တို့စစ်ကြောင်းသည်၊ ရှေ့သို့ချီ၏
ဤတောင်တန်းများ၊ တို့ခြေဖဝါးအောက်
ရောက်သွားကြိုလင့်၊ တိမ်ဖြူပွင့်များ
လွင့်၍ကျလာ၊ ရင်မှာပိုက်ပွေ့
တရွေ့ရွေ့နှင့်၊ ဝေးဝေးမြင်ခဲ့
တောင်စဉ်ကျော်ဖြတ်၊ တောင်ကွေ့ပတ်၍
ရပ်နားခိုက်တွင်၊ ကြေးနန်းဝင်လာ
ရှေ့တွင်ရန်သူ၊ စခန်းကြီးယူထား
စစ်မြားကိုဖျောက်၊ ညချိန်ရောက်မှ
ထိုးဖောက်ကပ်ပူး၊ အရဏ်ဦး၌
လက်ဦးမှုယူ အောင်လံထူပါ၊ စစ်ကူထပ်ဆောင်း
စစ်တစ်ကြောင်းလည်း၊ စုပေါင်းကြမည်
လွှတ်လိုက်ပြီတည်း၊ အင်အားကြီးဖြင့်
အပြီးမှုန်းချေ၊ မွမွကြေစေ၊ လေတပ်ပူးပေါင်း
ထပ်လောင်းကူပစ်၊ မှုန်းချေရစ်လေ
မလွတ်စေရ၊ အမိန့်ချပြီ
ဤတပ်ရင်းမှူး
ဦးစီးကွပ်ကဲ၊ စွန်ငှက်ရဲသို့
သဲသဲမဲမဲ၊ စူးစိုက်ဖွဲ့ဖြင့်
ဖြန့်ခွဲထိုးစစ်၊ စစ်ကြောင်းသစ်က
စစ်ချေမှုန်းမည်၊ တစ်ခွဲသည်အရန်
ကျန်တစ်ခွဲဖြတ်တောက်၊ခြေမွနှောက်လေ၊ အချိန်ရောက်ပါက
တိုက်ပွဲစပြီ၊ မလင်းမီတွင်
ပစ်သည်ဒက်ဒက်၊ စက်သေနတ်ကြီး
လက်နက်ကြီးများ၊ အားလုံးစုပြုံ
ပုံ၍အောကြ၊ ပစ်ခတ်ကြပြီ
လန့်ထအိပ်နိုး၊ သူဦးကျိုးရ
မိုးသောက်အရုဏ်၊ မီးလောင်ကုန်နေ
တိုက်လေယာဉ်များ၊ ပျံဝဲသွားလျက်
စက်အမြောက်ပစ်၊ ဒုံးကျည်ပစ်၍
ချုန်းထစ်မြည်ဟိန်း၊ တဒိန်းဒိန်းလျှင်
မြေပြင်ရိုက်ခတ်၊ မီးလျှံဟပ်နေ
လှည့်ပတ်ပစ်ပြီး၊ ချေမှုန်းပြီးလျှင်
ခြေလျင်စစ်ကြောင်း၊ ရိုက်ခြိမ်းမောင်းလျက်
လက်ပစ်ဗုံးပစ်၊ လောင်ချာပစ်ဖောက်
နောက်ပွင့်ရိုင်ဖယ်၊ စုပြုံတွယ်ပြီး
တပ်ဝင်စီးနင်း၊ ကျည်ပစ်သွင်းကြ
သွေးခြင်းခြင်းနီ၊ အလောင်းစီနေ
မြေကတုတ်ကျင်း၊ မီးဝင်းဝင်းပင်
အတင်းသိမ်းပိုက်၊ အောင်နိုင်လိုက်ပြီ
တိုက်ပွဲသတင်း၊ စက်ချင်းချင်းလျှင်
တပ်ရင်းများစွာ၊ ပေးပို့လာကြ
စစ်မျက်နှာရှေ့တန်း၊ အောင်သံလွှမ်းပြီ
တင့်လျှမ်းကျက်သရေ ဖြာဖြာဝေ။

❒ တို့တပ်မတော်၊ တို့ရဲဘော်
တပ်မတော်ကား၊ ပြည်သူ့သားတည့်
ပြည့်သားလူမော်၊ တပ်မတော်တည်း
ရဲဘော်မသေ၊ ရေမြေလေတွင်
အစဉ်ရှိမြဲ၊ ရှိနေဆဲလေ
အောင်ပွဲလီလီ၊ ရခဲ့ပြီလေ
သွေးနီနီမောင်း၊ သမိုင်းကြောင်းလျှင်
ဆွေစဉ်မျိုးဆက်၊ မျိုးနွယ်ဆက်သစ်
တည်ရစ်ခိုင်ကျည်၊ အဓွန့်ရှည်ခဲ့
ပြည်သူရဲကောင်း၊ သားသမီးကောင်းတို့
စုပေါင်းညီညွတ်၊ အောင်ပန်းဆွတ်ကြ
ဖြူဆွတ်ကြယ်စင်၊ မိုးကောင်းကင်၌
မိုးပြင်အပြည့်၊ ထွန်းလင်းဘိ၏
သိလော့၊ ကြားလော့၊ မြင်ကုန်လော့
မှတ်လော့၊ နာလော့၊ ထင်ကုန်လော့။ ။

ဒေါက်တာထီလာစစ်သူ

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုဦးညွှတ်၍ ဖွဲ့ဆိုပါသည်။

ဇန်းမော်မြို့တွင် စူဋ္ဌဘွဲ့နှင်းပွဲအခမ်းအနား ကျင်းပ

ဇန်းမော် မတ် ၆

ဇန်းမော်မြို့နယ် စူဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနားကို မြို့နယ်ကျက်သရေဆောင် ဇေယျမင်္ဂလာ သာသနာ့ဗိမာန်တော်ကြီးတွင်ကျင်းပသည်။**(အောက်ပုံ)**

ရှေးဦးစွာ ပရိသတ်များက ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် စာအောင်သံဃာတော် ၂၆၅ပါးတို့အား အောင်လက်မှတ်များကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။**(က–ပ)**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၃၁) အခြေခံပညာမူလတန်းကျောင်း ဆုပေးပွဲအခမ်းအနားကို မတ် ၂၀ရက်က ကျင်းပရာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် မြို့နယ်အဆင့် ပထမ ရွှေတံဆိပ်ဆုရ စတုတ္ထတန်း ကျောင်းသားမောင်ရဲမင်းထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ညိုက ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၉–၃–၂၀၀၅ (အင်္ဂါနေ့)

❑ Describing Places
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❑ Talking About Families
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❑ Expressing Likes and Dislikes
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၃၀–၃–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

❑ Making of Offers and Requests I+II
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❑ Making of Suggestions
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❑ Making Comparison
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၃၁–၃–၂၀၀၅ (ကြာသပတေးနေ့)

❑ Talking About Past Habits
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❑ Talking About Future Plans and Intentions
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❑ Talking About Leisure Activities
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁–၄–၂၀၀၅ (သောကြာနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂–၄–၂၀၀၅ (စနေနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၅ခုနှစ် မတ် ၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင်အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပေါင်းလောင်းရေလှောင်တမံသည် ၁၇၂ခုမြောက် ဖွင့်လှစ်နိုင်သည့်တမံဖြစ် မိုးစပါးဧက ၃၅၀၀၀နှင့် အခြားသီးနှံအပါအဝင် ဧကခုနစ်သောင်းစိုက်ပျိုးနိုင်

ရှေ့ဖုံးမှ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၂၄ ရက် ညနေ ၅ နာရီတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ မန္တလေးတိုင်း ပျဉ်းမနားမြို့သို့ ရောက်ရှိသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ပျဉ်းမနားမြို့မှ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ၊ ယူနန်ပြည်နယ် လက်ထောက်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပေါင်းလောင်းမြေအောက်ဓာတ်အားပေးစက်ရုံရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြုကြိုဆို

● "မြော်မြင်တွက်ဆ ကြည့်လိုက်ကြစို့" မေရှ၏ကဗျာ (စာ-၁၂)

● "ဒို့မမှု" ဖိုးရန်နိုင်(ကျောက်ကြီး)၏ ကဗျာ (စာ-၁၃)

● "သွေးနီနီမောင်း သမိုင်းကြောင်းရှည် တို့ပြည်တပ်မတော်" ဒေါက်တာထီလာစစ်သူ၏ ကဗျာ (စာ-၁၅)

● "စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်နိုင်မှ သာလျှင် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်မည်" ကြယ်ဖြူ၏ဆောင်းပါး(စာ-၈၊၉)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ်၌ တည်ဆောက်ထားသည့် ပေါင်းလောင်းရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)